# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

လယ်လုပ်ယောက်ျား ရေယူသမားတို့သည် ရေကို မိမိတို့လိုရာအရပ်သို့ သွယ်ယူကြကုန်၏၊ လေးသမားတို့ သည် ကောက်သောမြားကို ဖြောင့်ကုန်၏၊ သစ်ရွေသမားတို့သည် သစ်ကို မိမိတို့အလိုရှိတိုင်း ရအောင် ရွေကုန်၏၊ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေး အောင် ဆုံးမကုန်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၀)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 5 September 2023 ၁၁၂၀၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဂိတ်များမှတစ်ဆင့် တရားဝင် ခုနစ်ရက်နေထိုင်သွားလာခွင့်ကတ်ဖြင့် စတင်သွားလာနိုင်

မူဆယ် စက်တင်ဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် လူဝင်/ထွက်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံ မည်သည့်ဒေသမှ မည်သူမဆို ဝင်/ထွက်သွားလာနိုင်သော တရားဝင် ခြောက်ညအိပ် ခုနစ်ရက်နေထိုင်သွားလာခွင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်ကတ်ပြား(TBP)တစ်ခါသုံးကတ်များကို ယနေ့ မွန်းတည့် ၁၂ နာရီမှစ၍ ပြုလုပ်ပေးလျက်ရှိရာ အဆိုပါကတ်ဖြင့် ဝင်/ထွက် သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံလူဝင်/ထွက်ဂိတ်များဖြစ်သော နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်တို့မှ ယခုနှစ် နှစ်ဦးပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပြန့်ပွားမှုကို ကောင်းစွာဟန့်တားထိန်းချုပ်နိုင်ပြီးဖြစ်၍ နယ်စပ်ဒေသ အချက်အချာမြို့များဖြစ်သော မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့တွင် နေထိုင်ကြောင်း အိမ်ထောင်စုဇယားရှိသူများကိုသာ နှစ်နိုင်ငံဝင်/ထွက်စာအုပ်(BP)များကို စတင်ပြုလုပ်ပေးကာ ဝင်/ထွက်သွားလာခွင့်ပြုခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ■

**ယနေ့**



**မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ရေရှည်တည်တံ့ရေး ဘုရားဖူးလာပြည်သူအပေါင်း ဝိုင်းဝန်းကူညီထိန်းသိမ်း**

စာမျက်နှာ » ၈

**ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးမှာ စိန်ခေါ်မှုတွေ ရှိနေတယ်ဆိုပေမယ့် မြန်မာနိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ အားလုံးကို အောင်မြင်စွာ ကျော်လွှားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

### လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၄

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

**(၅၂) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ ထုတ်ပြန်**

စာမျက်နှာ » ၃

**အနောက်ကမ္ဘာမီဒီယာကို တန်ပြန်ချေဖျက်စွမ်းမည့် BRICS မီဒီယာဖိုရမ်နှင့် Innovation Diary**

ဆောင်းပါး စာမျက်နှာ » ၆

**ငါးမွေးမြူရေးဆိုင်ရာမူဝါဒနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားအဆင့်ဖိုရမ် ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး**

စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်သူများသက်သာချောင်ချိရေး စေတနာရှေ့ထားဆောင်ရွက်ပေး

လက်ရှိကာလတွင် နိုင်ငံတကာဈေးကွက်တန်ဖိုးမြင့်မားမှု၊ စက်သုံးဆီ၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုစရိတ်များမြင့်မားလာမှုများနှင့် ကုန်ပစ္စည်းပြတ်လပ်မှု၊ ဈေးကစားမှု၊ မတော်လောဘထားရှိမှုစသည်တို့ကြောင့် အထွေထွေကုန်ဈေးနှုန်းများ မြင့်မားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ အများပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။

အထူးသဖြင့် အခြေခံစားသုံးသူပြည်သူများ နေ့စဉ်စားသောက်ရေးအတွက် ဖြစ်ပေါ်နေသောအခက်အခဲများကို လတ်တလောဖြေရှင်းပေးနိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် အစိုးရအဖွဲ့များ၏ဦးဆောင်မှုဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများက ကုန်စည်ဈေးနှုန်းထိန်းသိမ်းကြပ်မတ်ရေး၊ ကုန်စည်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်ထွက်ရှိရေးတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင် အခြေခံကုန်ပစ္စည်းများကို ပြည်သူများ သက်သာချောင်ချိစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် နယ်မြေဒေသအလိုက် လိုက်လံရောင်းချပေးလျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရန် ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိသည်။ စားအုန်းဆီအဓိကထုတ်လုပ်သည့်နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အခြေခံဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်စရိတ်၊ ကုန်ကျစရိတ်၊ ဘဏ်စရိတ်၊ အခွန်အခများကို ထည့်သွင်းတွက်ချက်လျက် ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်အသိပေးလျက်ရှိသည်။

ထို့အပြင် အခြေခံအဓိကစားကုန်ဖြစ်သည့် ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆန်စပါးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်ညီနောင်အသင်းများက ဆန်စပါး ဝယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်၍ ထိန်းသိမ်းကြပ်မတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်သည်ကိုတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်များအတွင်းရှိ ဈေးကြီးများတွင် အခြေခံစားသုံးကုန်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်စေရန်နှင့် စားသုံးကုန်ပစ္စည်းများအလိုက် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချရန်၊ တာရှည်ခံဓာတုဆေးဝါးများဖြင့် ပြုပြင်ဆောင်ရွက်ထားသည့် စားသုံးရန်မသင့်သော စားသုံးကုန်များ ရောင်းချမှုမရှိစေရေး ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးဌာနနှင့်ချိတ်ဆက်၍ ကွင်းဆင်းစစ်ဆေးရန်၊ ပြည်သူလူထု၏ အဓိကစားသုံးကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဥအမျိုးမျိုး၊ သားငါး၊ မီးဖိုချောင်သုံးသီးနှံများ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ထားရန် အခြေအနေများကို သက်ဆိုင်ရာတို့က မပြတ်မလပ် စစ်ဆေးဆောင်ရွက်ပေးခြင်းအားဖြင့် အများပြည်သူ အဆင်ပြေမည်ဖြစ်သည်။

ထိုသို့ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသော်လည်း အခြေခံစားသောက်ကုန်များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ကျယ်ပြန့်လျက်ရှိသဖြင့် ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိသော်လည်း ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေးတွင် စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်သည်။ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ပြည်သူများကြုံတွေ့နေသည့် အခက်အခဲများကို လတ်တလောဖြေရှင်းနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် ဒေသခံပြည်သူများ ဆန်၊ ဆီ၊ သားငါး၊ ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များကို သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဒေသအလိုက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့်ချိတ်ဆက်ကာ ကိုယ်တိုင်တိုက်ရိုက်လာရောက်ရောင်းချနိုင်သည့် အရောင်းဆိုင်များကို မြို့နယ်အလိုက်ရှိဈေးများတွင် နေ့စဉ်ရောင်းချပေးလျက်ရှိရာ ပြည်သူများ သက်သာချောင်ချိစွာဖြင့် အဆင်ပြေလွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ကြသည်။

သို့ဖြစ်ရာ ပြည်သူများ ကြုံတွေ့နေရသည့် အဓိကအားဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်နေမှုကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ အားပေးကြီးကြပ်ဆောင်ရွက်ပေးမှုများဖြင့် စိုက်ပျိုးမွေးမြူသူများက ပြည်သူများအပေါ်စေတနာထားပြီး ဒေသအလိုက် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေး၊ ကိုယ်တိုင်တိုက်ရိုက်ရောင်းချခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူစားသုံးနိုင်ကြကာ စိတ်ချမ်းမြေ့ကျေနပ်ကြမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တရားမ အထူးအယူခံမှု သုံးမှု ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀၃/၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်) နှင့် ၄၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမ အထူးအယူခံမှု သုံးမှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်းသိရသည်။

သတင်းစဉ်

## ဇေယျာသီရိမြို့နယ် မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၄



အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၂၃) ကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်မီးသတ်စခန်း၌ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် သင်တန်းသားအင်အား ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၄-၉-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၃၀၀ | ၁,၁၃၁ | ၁၀,၅၁၁,၄၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၄၈၃ | ၁,၅၁၅,၄၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၁၅၄ | ၁,၉၆၁,၈၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၉၀ | ၂၁၁,၅၀၀ |
| EFR | ၂,၂၅၀ | ၂,၃၀၀ | ၁၀၀ | ၂၂၅,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၅ | ၂၄,၅၀၀ |
| MAEX | ၁,၉၀၀ | ၁,၈၀၀ | ၁,၀၃၉ | ၁,၈၈၀,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ


စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Vinay Kumar အား လက်ခံတွေ့ဆုံ



နေပြည်တော်   စက်တင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Vinay Kumar အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) တွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော်   စက်တင်ဘာ ၄

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ စစ်သံမှူး Senior Colonel Wang Wei နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၅၂) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ ထုတ်ပြန်

နေပြည်တော်   စက်တင်ဘာ ၄

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ) တည်ထောင်သည့် ၁၈၇၄ ခုနှစ်မှစ၍ နှစ်စဉ်အောက်တိုဘာ ၉ ရက်ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ် အခမ်းအနားများကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ် ပါဝင်ကျင်းပလျက်ရှိသည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၉၇၁ ခုနှစ်မှစတင်၍ အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲကို ကမ္ဘာနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပလေ့ရှိရာ ယခု ၂၀၂၃ ခုနှစ်တွင် (၅၂) ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်သည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကျောင်းသား/ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်ရမည့်ခေါင်းစဉ်မှာ "Imagine you are a super hero and your mission is to make all roads around the world safer for children. Write a letter to someone explaining which super powers you would need to achieve your mission." ဖြစ်ပြီး အခြေခံပညာအဆင့်တွင် ဖြေဆိုသူ ကျောင်းသား / ကျောင်းသူ စုစုပေါင်း ၅၁၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ရရှိလာသည့် ပြိုင်ပွဲဝင်စာမူ ၅၁၁ စောင်ကို ပညာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းပါဝင်သည့် အကဲဖြတ်အဖွဲ့ဖြင့် စိစစ်အကဲဖြတ်ခဲ့ရာ ပြည်တွင်းအဆင့်ပထမဆုကို ကရင်ပြည်နယ် အ-ထ-က (၂) ဘားအံမြို့နယ် Grade-8 မှ မနန်းအုံမွန်အိမ်ကလည်းကောင်း၊ ဒုတိယဆုကို မွန်ပြည်နယ် အ-ထ-က (၁) မုဒုံမြို့နယ် Grade-7 မှ မောင်ဝေဘုန်းလူကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ် (တောင်ပိုင်း) အ-ထ-က (၁) ညောင်ရွှေမြို့နယ် Grade-4 မှ မောင်သန်းထိုက်ကလည်းကောင်း၊ အထူးဆုကို ရန်ကုန်တိုင်းဒေသကြီး အ-ထ-က (၁) ဒဂုံမြို့နယ် Grade-7 မှ မမေမြင့်မိုရ်ကြည်တို့ကလည်းကောင်း ရရှိခဲ့သည်။ အဆိုပါအကဲဖြတ်အဖွဲ့၏ စိစစ်ရွေးချယ်ချက်အရ ပြည်တွင်းအဆင့် ပထမဆုရစာမူကို ယူပီယူက ကျင်းပသည့် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်ထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ ရွှေ့ဖုံးမှ

နယ်စပ်လူဝင်/ထွက် ဂိတ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယနေ့တွင် နိုင်ငံသားတိုင်း မိမိ၏နိုင်ငံသား စိစစ်ရေးကတ်အမှတ်(EID) မှန်ကန်ပါက တရားဝင် ခုနစ်ရက်နေထိုင် သွားလာခွင့်ရှိ တစ်ခါသုံး နှစ်နိုင်ငံ ဝင်/ထွက်ကတ် (TBP) များကို အဝင်/အထွက် စာရွက်စာတမ်း ဝန်ဆောင်ခ မြန်မာကျပ်ငွေ ၁၀၀၀ ဖြင့် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ တစ်ခါသုံးကတ်ဖြင့် စတင်ဝင်/ထွက်သွားလာနိုင်ပြီဖြစ်သည်။ အဆိုပါ တစ်ခါသုံး ဝင်/ ထွက်ကတ်(TBP) များဖြင့် နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်တို့တွင် သွားလာ ဝင်/ထွက်နိုင်ပြီဖြစ်ပြီး မန့်ဝိန်းဂိတ်ကလည်း ကုန်တင်ယာဉ်မောင်းတစ်ဦးသာ ယာယီ တစ်ခါသုံးကတ် (TBP)ကို ပြုလုပ်ပေးနေကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ခုနစ်ရက်နေထိုင်သွားလာခွင့်နှစ်နိုင်ငံဝင်/ထွက် တစ်ခါသုံးကတ်များ ပြုလုပ်ဆောင်ရွက်ပေးနေမှုတို့ကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းနှင့် နယ်စပ်ဂိတ်လဝက ဒုတိယဌာနခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေမိုး၊ မူဆယ်မြို့နယ်ဦးစီးမှူး ဦးစန်းလွင်တို့က နယ်စပ်ဂိတ်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ တစ်ခါသုံးကတ် ဆောင်ရွက်ရာတွင် အလွယ်တကူ မြန်ဆန်ထိရောက်မှု ရှိစေရေးနှင့် လက်ရှိ ဝင်/ထွက် သွားလာကြမည့် ပြည်သူများအား ကတ်ပြုလုပ်ဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အခွန်အမှတ်တံဆိပ်ကပ်နှိပ်နိုင်ရေး အသိပညာပေးရှင်းလင်းဆွေးနွေး

မြစ်ကြီးနား   စက်တင်ဘာ ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနက စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်း၊ ရွှေဆိုင်၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ အရောင်းဆိုင်များ ရောင်းချလျက်ရှိသော ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းကို ဥပဒေနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန်သတ်မှတ်ထားသော အရောင်းပြေစာများပေါ်တွင် အမှတ်တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ သိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါရှင်းလင်းပွဲသို့ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ ရွှေဆိုင်ပိုင်ရှင်များ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ အရောင်းဆိုင်ပိုင်ရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အားလက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ ပညာရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ပိုမိုနီးကပ်စွာ ဆက်လက်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအပါအဝင် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံကောင်စစ်ဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံနှင့် ကုလသမဂ္ဂအပါအဝင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း လုပ်ငန်းခွင်ဝင်မွမ်းမံသင်တန်းဖွင့်ပွဲ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့ကို သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ (၂)များ လုပ်ငန်းခွင်ဝင်မွမ်းမံ သင်တန်း အမှတ်စဉ်(၂)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန နေပြည်တော် ဗဟိုသင်တန်း ကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းတွင် တာဝန် ထမ်းဆောင်နေကြသည့် အငယ်တန်း အင်ဂျင်နီယာ(၂) ဝန်ထမ်း ၄၉ ဦးကို လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန် ဓာတ်အားပေးစက်ရုံများ ထိန်းသိမ်း မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများ၊ ဓာတ်အားပေးစက်များ၏ အလုပ်လုပ်ပုံတို့ကို စာတွေ့၊ လက်တွေ့ဖြင့်ပေါင်းစပ်၍ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားပေးသည့် ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာ ဝန်ထမ်းကောင်းများအဖြစ် ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို စိတ်ကောင်း စေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံ ကြိုးစားအားထုတ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းဆိုင်ရာကိစ္စနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ အရည်အသွေးမြှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံသံရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ် (Youth Week) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ Naypyitaw State Academy တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသစ်ချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်၏ လူမှုရေးဦးတည်ချက် (ဂ)တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသောဦးတည်ချက် ပါဝင်ပါကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များသည် အဓိကစွမ်းအားစုအဖြစ် အရေးပါသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်းကို တက္ကသိုလ် ကျောင်းသား ကျောင်းသူ လူငယ်များ သတိပြုမိစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ လူငယ်သီတင်းပတ်အဖြစ် သတ်မှတ်ပြီး ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်ကျောင်း ၅၀ နှင့် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ဗလငါးတန် တစ်ခုချင်းကို ဖော်ကျူးသည့် လူငယ်လှုပ်ရှားမှုများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပေးလျက်ရှိပါကြောင်း။

ယနေ့လူငယ်များသည် အနာဂတ်မြန်မာနိုင်ငံတော်အတွက် အင်မတန် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် အစစ်အမှန်များပင် ဖြစ်ပါကြောင်း၊ အဆိုပါလူ့စွမ်းအားအရင်းအမြစ်များ ဗလငါးတန်နှင့်ပြည့်စုံရေးသည် အင်မတန်အရေးကြီးသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ဗလငါးတန်ဆိုသည်မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့ ဖြစ်ပါကြောင်း၊ "ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ်" အစီအစဉ်တွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းပြီး လှုပ်ရှားမှုအမျိုးမျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း။

ကာယဗလ၏အရေးပါမှုကို မီးမောင်းထိုးပြသည့် အနေဖြင့် ဝူရှူး၊ ခြင်းလုံး၊ Fitness Dance၊ လှယဉ်ကျေးမယ် စသည့်အားကစားနှင့်ကာယအလှပြသရုပ်ပြကွက်များကို ပြသမည်ဖြစ်ပါကြောင်း၊ ဉာဏဗလအတွက် လူငယ်စကားဝိုင်းများကျင်းပခြင်း၊ အသိပညာ ဗဟုသုတ မျှဝေရေး Project Presentation များ ပြုလုပ်ခြင်း၊ လူငယ်များ၏ Talent and Art Show များ ကျင်းပခြင်း၊ စာရိတ္တဗလအတွက် လူငယ်နှင့် လောကနီတိဟောပြောပွဲများ ကျင်းပခြင်း၊ မိတ္တဗလအတွက် လူငယ်တွေ့ဆုံပွဲများ၊ မောင်နှမဆောင် Hostel Dinner ကျင်းပခြင်း၊ သီချင်းဆိုခြင်း၊ Fun Fair၊ Farewell၊ ဈေးရောင်းပွဲများ ကျင်းပခြင်း၊ ဘောဂဗလအတွက် အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များက ဟောပြောခြင်း၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများ၊ စကားပြောပြိုင်ပွဲများကျင်းပခြင်း အစရှိသည့် လှုပ်ရှားမှုများကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယနေ့မှစပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ်(Youth Week) အစီအစဉ်တွင် အနာဂတ်မျိုးဆက်သစ် တက္ကသိုလ်ကျောင်းသားလူငယ်များ တက်ကြွစွာပါဝင်ပူးပေါင်း ဆောင်ရွက်ကြခြင်းအားဖြင့် အနာဂတ်မြန်မာနိုင်ငံတော်တွင် အားကိုးအားထားပြုနိုင်သည့်၊ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ၊ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ အများအပြားပေါ်ထွက် လာနိုင်စေရန်ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**သီဆိုဖျော်ဖြေ**

ထို့နောက် Naypyitaw State Academy ကျောင်းသား ကျောင်းသူများက "Naypyitaw State Academy" Group Song သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် Naypyitaw State Academy ကျောင်းသူလေးများက "ယဉ်တစ်ကိုယ်မယ်" သီချင်းဖြင့် အဖွဲ့လိုက်နှင့် တစ်ဦးချင်းအလိုက် သရုပ်ပြဖျော်ဖြေကြသည်။ ထို့နောက် ကျောင်းသူတစ်ဦးက တစ်ပင်တိုင်အကအလှဖြင့် ကပြဖျော်ဖြေသည်။




အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်

**သတင်းစဉ်**

■

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အင်းလေးကန် သန့်ရှင်းသာယာလှပရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၄**

နည်းပညာအရ စံကွက်ရိတ်သိမ်းမှုအပြင် စပါးတစ်ကေပြည့် ရိတ်သိမ်းချိန်တွယ်ပြီး မျိုးနှင့် နည်းပညာအသုံးပြုစိုက်ပျိုးသည့် စပါးအထွက်နှင့် ယခင်မိရိုးဖလာ စိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်း အကျိုးအမြတ်တို့ကို လက်တွေ့ နှိုင်းယှဉ်ပြသပေးရန်လိုကြောင်း ယမန်နေ့နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးစံပြစိုက်ကွင်း၌ ဒေသခံတောင်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဒေသစပါးမျိုး၊ အထွက်ကောင်းစပါးမျိုး၊ ယာစပါးမျိုးများနှင့် နေကြာသီးနှံမျိုးစေ့နမူနာများ ခင်းကျင်းပြသထားမှုနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြစိုက်ကွင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများကို သဘာဝမြေဩဇာများ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့နယ် မြို့မရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သီးထပ်သီးနှံ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် တောင်သူများအား သီးနှံပုံစံများချမှတ်ပေးပြီး လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မွေးမြူရေးဇုန်ဖော်ဆောင်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးဇုန် ဖော်ဆောင်ရေးလုပ်ငန်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးမှုနှင့် ဒေသဖွံ့ဖြိုးမှုအတွက် အကျိုးများစေမည်ဖြစ်၍ သက်ဆိုင်ရာဌာနများအနေဖြင့် မြန်မြန်သွက်သွက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြရန်၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်၍ တိရစ္ဆာန်အစာစပ်စက်ရုံလုပ်ငန်း တစ်ပြိုင်တည်းပါရှိရေး ဆောင်ရွက်သွားရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့သည် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ထီပုံးရွာအနီးရှိ ရှမ်းရိုးမမွေးမြူရေးဇုန် ရှင်းလင်းဆောင်တွင် ဇုန်အတွင်းရှိကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး ပုဂ္ဂလိက ကြက်မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးကန် သာယာလှပရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဗေဒါ၊ ဒိုက်ဖောင်နှင့် ကျွန်းမျောအပျက်များ ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးလုပ်ငန်းဦးစီးဌာန၊ ရေသတ္တဝါဆိုင်ရာ ပညာပေးဌာန၏ ငါးမျိုးထိန်း မျိုးပွားလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ထိုသို့ စစ်ဆေးစဉ် ငါးဖိန်းကဲ့သို့ ဒေသငါးမျိုးစိတ်များ သိသာစွာ လျော့နည်းရှားပါးလာသော ငါးမျိုးများအား မျိုးပွားထုတ်လုပ်ပြီး အင်းလေးကန်အတွင်း ငါးသယံဇာတတိုးပွားရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကာ ရွှေညောင်မြို့ရှိ အမှတ်(၈၅)စက်မှုလယ်ယာစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ဦးဆောင်သောအဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Under Secretary General Mr. Martin Griffiths ၏ မြန်မာနိုင်ငံခရီးစဉ်အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှု၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA တို့အကြား သဘောတူညီမှုစာလွှာ (LoA)သက်တမ်းတိုးရေးကိစ္စ၊ ပြည်ဝင်ဗီဇာဆိုင်ရာကိစ္စ၊ ပြည်တွင်းခရီးသွားလာခွင့်ကိစ္စ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အသင်းအဖွဲ့မှတ်ပုံတင်ရေးဆိုင်ရာကိစ္စ၊ ဝန်ကြီးဌာနနှင့် UNOCHA တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက် ဖော်ပြမှုများတွင် နိုင်ငံတော်က ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများ၊ မြေပြင်အခြေအနေမှန်များကို ထင်ဟပ်ဖော်ပြနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း(၂/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒေသအစုံတွင် ပြည်သူများနှင့် လက်တွေ့အနီးကပ် တာဝန်ထမ်းဆောင်ရသည့်ဌာနဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများဖြစ်စေရေးအတွက် စွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများသည် ပြည်သူ့ဆက်ဆံရေးကောင်းသည့် ဝန်ထမ်းများဖြစ်ရန်လိုအပ်ပြီး ရာထူးအဆင့်နှင့် လိုက်လျောညီထွေဖြစ်သည့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်ထားရန်လိုအပ်ပါကြောင်း၊ စာကြည့်တိုက်လုပ်ငန်းသည် ဦးစီးဌာန၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ပြည်နယ်၊ တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်မည့်သူများသည် စာကြည့်တိုက်လုပ်ငန်းများ အောင်မြင်အောင် ကြိုးစားသွားကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း စိတ်ဝင်တစားဖြင့် ကြိုးစားလေ့လာသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်းကို စက်တင်ဘာ ၄ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းနည်းပြများက ဦးစီးဌာန၏ မူဝါဒနှင့် အခန်းကဏ္ဍ၊ ရည်မှန်းချက် တာဝန်များ၊ ဤဦးစီးဌာနဖြစ်ပေါ်လာပုံ သမိုင်း



အကျဉ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းထိန်းသိမ်းနည်း၊ စာကြည့်တိုက်လုပ်ငန်းများ စီမံခန့်ခွဲရေး၊ Digital Library စနစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် Digital Library Management System(DLMS)အသုံးပြုနည်း၊ သတင်းအမှန်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေး လျင်မြန်သွက်လက်စွာ ထုတ်ပြန်နိုင်စေရန်နှင့် မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် သတင်းအပြန်အလှန် စီးဆင်းရေး၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(MIL)၊ လူမှုမီဒီယာ(Social Media) သိကောင်းစရာများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ ဘာသာရပ်များအပြင် လူထုဟောပြောနည်း၊ လက်ကမ်းစာစောင်နှင့် နံရံကပ်စာစောင်ပြုလုပ်ခြင်း စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနောက်ကမ္ဘာမီဒီယာကို တန်ပြန်ချေဖျက်စွမ်းမည့် BRICS မီဒီယာဖိုရမ်နှင့် Innovation Diary

**မိုးမြင့်**

ယနေ့ကမ္ဘာ့မီဒီယာလောကသည် အနောက်အုပ်စုနှင့် အမေရိကန်နိုင်ငံတို့၏ အခြယ်လှယ်ခံဘဝရောက်နေသည်မှာ ကြာမြင့်ခဲ့ပါပြီ။ အနောက်ကမ္ဘာမီဒီယာသည် ကမ္ဘာ့တိုင်းပြည်များစွာ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်စုံတွင် ဝင်ဆန့်သည်၊ ဩဇာလွှမ်းသည်။ အနောက်အုပ်စု၏ခြယ်လှယ်မှုအောက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံ၊ နိုင်ငံငယ်များသည် သူတို့၏နစ်နာမှု၊ သူတို့အတွက် အပေါင်းလက္ခဏာမဆောင်သည့် ထင်မြင်ချက်၊ မဟုတ်မမှန်သည်များအပေါ် ထောက်ပြဝေဖန်ခွင့်မရ၊ ဖြေရှင်းခွင့်မရ အရာမထင်ဖြစ်နေရသည်။

> VOA သတင်းဌာန... ထိုသတင်းဌာနသည်လည်း အမေရိကန်အစိုးရအဆက်ဆက်က ထောက်ပံ့ထားသည့်သတင်းဌာနသာဖြစ်၍ ထုတ်လွှင့်သမျှသည် အမေရိကန်အစိုးရအာဘော်သာဖြစ်ရပြီး ပြိုင်ဘက်ပါတီ သို့မဟုတ် ပြိုင်ဘက်မည်သည့်နိုင်ငံ၏ မှန်ကန်သော သတင်းကိုမျှ ကိုယ်စားပြုခွင့်မရှိပါ။ နောက်ဥပမာတစ်ခုက BBC ဖြစ်သည်။ “The Biased Broadcasting Corporation” ဘက်လိုက်၊ အစွဲမကင်း၊ အလိမ်အညာ မှိုင်းတိုက်သတင်းဌာနတစ်ခုအဖြစ် နာမည်ထွက်သည့် သတင်းဌာနအဖြစ် နာမည်ကြီးသည်။ အခြေအမြစ်မရှိသည့်သတင်းအချက်အလက်များကို အဓိကအခြေပြုသည့်အတွက် လူထုကိုလှည့်စားကာ ထင်ယောင်ထင်မှားဖြစ်စေသည်။ BBC သည် ရုရှား၊ တရုတ်နိုင်ငံတို့နှင့်ပတ်သက်၍ အမြဲလိုလိုအနုတ်လက္ခဏာဆောင်သော အဆိုးမြင်များကိုသာ ဖော်ပြလေ့ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ မှတ်ချက်တစ်ခုကို မှတ်သားမိဖူးသည်။ တကယ်တမ်းမှာ BBC သည် အနောက်အုပ်စု၏ ဝါဒဖြန့်ချိရေးကိရိယာတစ်ခုသာဖြစ်နေခြင်းက အားလုံးအတွက် အငြင်းပွားစရာမလိုသည့်အချက်ဖြစ်

**ဆန့်ကျင်ဘက်နိုင်ငံများ၏ မီဒီယာများ**

အနောက်အုပ်စု အထူးသဖြင့် အမေရိကန်သည် သူ၏ပြိုင်ဘက်နိုင်ငံများ အထူးသဖြင့် ရုရှားနှင့် တရုတ်နိုင်ငံတို့အပေါ် ဝါဒဖြန့်ချိရေးစစ်ပွဲများကို ခေတ်အဆက်ဆက် ဆင်နွှဲခဲ့သည်။ သူတို့မီဒီယာများသာ အမှန်ဖြစ်၍ ဆန့်ကျင်ဘက်နိုင်ငံများ၏ မီဒီယာများကိုမူ တံဆိပ်အမျိုးမျိုးတပ် ပုတ်ခတ်စွပ်စွဲလေ့ရှိသည်။ တရုတ်နိုင်ငံ၏ The Global Times သတင်းစာကြီးကို တရုတ်အမျိုးသားရေးဝါဒီတို့၏ လူပြိန်းကြိုက်သတင်းစာအဖြစ် သမုတ်ခဲ့ပြီး ရုရှားနိုင်ငံ၏ RT သတင်းဌာနကို ကရင်မလင်ဩဇာညောင်းသည့် နိုင်ငံပိုင်သတင်းဌာနတစ်ခုအဖြစ် လိမ်ညာတံဆိပ်ကပ်ကြသည်။

အမေရိကန်နိုင်ငံကိုယ်နှိုက်ရှိ နာမည်ကြီးသတင်းစာအချို့သည် အစိုးရအာဘော်ကိုသာ ထင်ဟပ်ပြီး ဘက်လိုက်သည့်သတင်းများကိုသာ ဖော်ပြကြကာ မီဒီယာလောကကို လက်ဝါးကြီးအုပ်ထားသည်ဟုဆိုသည်။ နိုင်ငံရေးပါတီတစ်ခုခု၏ ထိန်းချုပ်ခံသတင်းစာများအဖြစ်လည်း ဆိုစမှတ်ပြုခံရသည်။ ဥပမာ- The New York Times သတင်းစာကြီးဆိုလျှင် အစိုးရဘက်လိုက်သတင်းများကိုသာ ဖော်ပြလေ့ရှိပြီး ဒီမိုက်ကရက်တို့က ထိန်းချုပ်ထားသည့်သတင်းစာအဖြစ် ထင်ဟပ်ခံရသည်။

ထို့အတူ VOA သတင်းဌာန... ထိုသတင်းဌာနသည်လည်း အမေရိကန်အစိုးရအဆက်ဆက်က ထောက်ပံ့ထားသည့် သတင်းဌာနသာဖြစ်၍ ထုတ်လွှင့်သမျှသည် အမေရိကန်အစိုးရအာဘော်သာဖြစ်ရပြီး ပြိုင်ဘက်ပါတီ သို့မဟုတ် ပြိုင်ဘက်မည်သည့်နိုင်ငံ၏ မှန်ကန်သောသတင်းကိုမျှ ကိုယ်စားပြုခွင့်မရှိပါ။ နောက်ဥပမာတစ်ခုက BBC ဖြစ်သည်။ “The Biased Broadcasting Corporation” ဘက်လိုက်၊ အစွဲမကင်း၊ အလိမ်အညာ မှိုင်းတိုက်သတင်းဌာနတစ်ခုအဖြစ် နာမည်ထွက်သည့်သတင်းဌာနအဖြစ် နာမည်ကြီးသည်။ အခြေအမြစ်မရှိသည့် သတင်းအချက်အလက်များကို အဓိကအခြေပြုသည့်အတွက် လူထုကိုလှည့်စားကာ ထင်ယောင်ထင်မှားဖြစ်စေသည်။ BBC သည် ရုရှား၊ တရုတ်နိုင်ငံတို့နှင့်ပတ်သက်၍ အမြဲလိုလို အနုတ်လက္ခဏာဆောင်သော အဆိုးမြင်များကိုသာ ဖော်ပြလေ့ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ မှတ်ချက်တစ်ခုကို မှတ်သားမိဖူးသည်။ တကယ်တမ်းမှာ BBC သည် အနောက်အုပ်စု၏ ဝါဒဖြန့်ချိရေးကိရိယာတစ်ခုသာဖြစ်နေခြင်းက အားလုံးအတွက် အငြင်းပွားစရာမလိုသည့်အချက်ဖြစ်သည်။

**ဆိုဗီယက်ယူနီယံကို ဖြိုခွဲရာတွင် အစွမ်းထက်သောလက်နက်များ**

အနောက်အုပ်စုမီဒီယာအများစုသည် သူတို့ကျင့်သုံးသော နိုင်ငံရေးစနစ်မှ ထုတ်လုပ်လိုက်သော ထုတ်ကုန်များသာဖြစ်သည်။ သူတို့အုပ်စု၊ သူတို့ကျင့်သုံးသော နိုင်ငံရေး၊ လူမှုရေးစနစ်နှင့် စံနှုန်းများကို အတင်းအဓမ္မသွတ်သွင်းလိုသည့် လက်နက်တစ်ခုအဖြစ်ထက်မပိုပါ။ VOA၊ BBC၊ Radio Free Europe စသည့်သတင်းဌာနများသည် စစ်အေးခေတ်ကာလအတွင်း ဆိုဗီယက်ယူနီယံကို ဖြိုခွဲရာတွင် အစွမ်းထက်သော လက်နက်များဖြစ်ခဲ့သည်။ အရင်းရှင်နှင့် လစ်ဘရယ်အားကောင်းသည့် ခေတ်ဦးကာလများကို ပြန်ကြည့်လျှင် အမေရိကန်နှင့် နေတိုးနိုင်ငံများ၏ ကျူးကျော်စစ်များအပေါ် အနောက်နိုင်ငံက စစ်ဆန့်ကျင်ရေးပြည်သူများ၊ အတိုက်အခံလက်ဝဲစစ်ဆန့်ကျင်ရေးအသံများမှာ စစ်လိုလားသူစစ်ဝါဒီများပိုင်ဆိုင်သော လက်ကိုင်မီဒီယာများ၏ ဖိနှိပ်မှုအောက်တွင် တိတ်ဆိတ်သွားခဲ့ရသည်။

မတူကွဲပြားမှုကို လက်ခံကြသော်လည်း နိုင်ငံတကာရေးရာ၌ အနောက်မီဒီယာများက တစ်လေသံတည်းသာ ထွက်ကြသည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့တွင် တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တရားဥပဒေစိုးမိုးမှုတို့ အကောင်းဆုံးအခြေအနေမှာ ရောက်ရှိနေသည့်တိုင် ၎င်းနိုင်ငံများကို အာဏာရှင်အဖြစ် ပုံဖော်၍ကောင်းတုန်း၊ မနှစ်မြို့စရာများအဖြစ် မတရားဖော်ပြ၍မဆုံးဖြစ်ရသည်။ အကြမ်းဖက်ကိုလုံးဝမနှစ်မြို့ဟုဆိုသည့် အနောက်တိုင်းစာနယ်ဇင်းများသည် တရုတ်၊ ရုရှား၊ အီရန်၊ မြန်မာ စသည့်နိုင်ငံများအတွင်း တရားဥပဒေစိုးမိုးရေးကို ရက်ရက်စက်စက်ချိုးဖောက်ကြသည့် အကြမ်းဖက်စစ်စစ်များကိုမူ ဒီမိုကရေစီသူရဲကောင်းများအဖြစ် ကင်ပွန်းတပ်ကြပြန်သည်။

အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုသည် သူတို့၏ဩဇာအရှိန်အဝါကို ပြသရန် မီဒီယာကို ကောင်းစွာအသုံးချခဲ့ကြသည်။ သူတို့မကြိုက်သည့်အစိုးရများပြိုလဲသည်အထိ မီဒီယာဖြင့် ဝင်ရောက်စွက်ဖက်ခဲ့ကြသည်။ အစိုးရနှင့် ပြည်သူ၊ ပြည်သူပြည်သူချင်း မီဒီယာဖြင့် ရန်တိုက်ခဲ့ကြသဖြင့် စည်းလုံးညီညွတ်မှုများ ပြိုကွဲရသည်။ အမှားကို အမှန်၊ အမှန်ကို အမှား ဖုံးဖိခဲ့ကြသည်။ မီဒီယာကို တလွဲအသုံးချသော အနောက်တိုင်းသားများကြောင့် တိုင်းပြည်များ ပျက်စီး၊ စနစ်များပျက်စီးရသည်။ စစ်ပွဲများဖြစ်ရသည်၊ လူအများသေကျေရသည်။ ဆေးရုံ၊ ကျောင်း၊ တံတား၊ လမ်းများ ပျက်စီးရသည်။ အိုးမဲ့အိမ်မဲ့ အင်တော်ဘေးစစ်ပြေးဘဝရောက်ကြရသည်။

ရန်ဘက်များအကြား ညီညွတ်မှုမရှိ၊ စည်းဝေးညှိနှိုင်းအဖြေရှာခွင့်မရအောင် မီဒီယာဖြင့် သွေးထိုးပေးသည်။ မီဒီယာလက်နက်ဖြင့် နိုင်ငံငယ်များ၏ ကွဲယ်ဝသည့် သယံဇာတများကို ကုပ်သွေးစုပ်အမြတ်ထုတ်ကြသည်။ ပစ်မှတ်နိုင်ငံတွင် ပြဿနာမဖြစ်ဖြစ်အောင်ဖန်တီး၍ ပြည်တွင်းမငြိမ်မသက်ဖြစ်၊ ပြည်တွင်းစစ်ဖြစ်နေပြီဟု ကမ္ဘာကို သတင်းမှားဖန်တီးကာ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်အမည်ဖြင့် နိုင်ငံတွင်းဝင်ရောက်တပ်စွဲ၍ ထိုနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်နှောင့်ယှက်ကြပြန်သည်။ လူ့အခွင့်အရေးအကြောင်းပြ၊ သတင်းလွတ်လပ်ခွင့် တစာစာအော်၊ သူတို့မလိုလားသော အစိုးရများကို အဆိုးမြင်အောင် အမျိုးမျိုးခေါင်းစဉ်တပ် ပြဿနာရှာပြီး အချုပ်အခြာကို ထိပါးခွင့်ရအောင် မီဒီယာဖြင့် ပုံဖော်ကြသည်။

**သမိုင်းအဖြစ်အပျက်သာဓကပေါင်းများစွာရှိခဲ့**

အမှားကို အမှန်၊ အမှန်ကို အမှားထင်အောင် သတင်းမှန်ကိုဖုံးဖိ၊ သတင်းတု၊ သတင်းမှားများ အသုံးပြု၍ ကမ္ဘာ့ပြည်သူများ ထင်ယောင်ထင်မှား သံသယဖြစ်သည်အထိ အမေရိကန်တို့ လုပ်ခဲ့ကြသည့် သမိုင်းအဖြစ်အပျက်သာဓကပေါင်းများစွာ ရှိခဲ့သည်။ မိမိပြည်တွင်းရေးသည် ပြည်တွင်းရေးသက်သက်သာဖြစ်ကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ဘယ်လိုမျှ မထိခိုက်ကြောင်း တာဝန်ရှိသူများက ဘယ်လိုပြောပြော အနောက်အားပေးမီဒီယာများကပေးသော မှားယွင်းသည့် အချက်အလက်များ၊ မမှန်သတင်းများကို သိသိကြီးနှင့်သော်လည်းကောင်း၊ မသိချင်ယောင်ဆောင်၍လည်းကောင်း အနောက်အုပ်စုလွှမ်းမိုးသော ကုလသမဂ္ဂအေဂျင်စီများက မျက်စိမှိတ်ယုံကြသည်၊ ပြဿနာကို ပုံကြီးချဲ့၍ တစ်ဖက်သတ်အရေးယူဖို့သာ စိုင်းပြင်းသည်။

ယခုဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခတွင်လည်း အနောက်အုပ်စုမီဒီယာ လွှမ်းမိုးမှုကသာ အားကောင်းနေခဲ့သည်။ ရုရှားက အရေးနိမ့်နေပြီး ယူကရိန်းက အရေးသာနေသယောင် ကမ္ဘာနှင့် ယူကရိန်းပြည်သူများကို မျက်လှည့်ပြနေသည်။ ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ အောင်မြင်နေကြောင်း၊ ပိတ်ဆို့မှုများကြောင့် ရုရှားစီးပွားရေးပျက်စီးနေပြီဖြစ်ကြောင်း မမှန်သတင်းများ လွှင့်ကြသည်။ မီဒီယာအားကြောင့် ရုရှား-ယူကရိန်းပဋိပက္ခမှာ ကမ္ဘာကြီးက ရုရှားကိုသာ ကျူးကျော်သူအဖြစ် မြင်ကြသည်။

အီရတ်မှာ အစုလိုက်အပြုံလိုက်လက်နက်များရှိသည်ဟု သတင်းလိမ်ဖြင့် ကမ္ဘာကို ယုံအောင်မျက်လှည့်ပြပြီး အီရတ်ကို အဓမ္မဝင်တိုက်၊ ဆက်ဒန်ဟူစိန်ကိုဖြုတ်ချခဲ့သည့် တကယ့်တရားခံကျူးကျော်အစစ်ကို ကမ္ဘာ့ပြည်သူများ မမေ့သင့်ပါ။ တရားခံအစစ်ကို အဆိုးမမြင်နိုင်လောက်အောင် အနောက်မီဒီယာလက်နက်အစွမ်းက ပြင်းလှသည်။ ထို့ကြောင့် ရုရှားတို့က အနောက်အုပ်စုမီဒီယာများလောက် အားမကောင်းသည့် Sputnik၊ Tass စသည့် သတင်းဌာနများ၊ တယ်လီဂရမ်ချန်နယ်များမှ နေ့စဉ်စစ်မြေပြင်တိုက်ပွဲသတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ ကြိုးစားထုတ်လွှင့်ပေးနေရသည်ဟု ဆိုပါသည်။ ထို့ပြင် ရွေးကောက်ပွဲများတွင် မီဒီယာဖိအားဖြင့် မိမိတို့အားပေးသော အနောက်ဩဇာခံပါတီများ အနိုင်ရအောင်ပြုလုပ်ကြသည့် သာဓကများလည်း ရှိနေခဲ့၊ ရှိနေဆဲဖြစ်သည်။ သုံးနှစ်တာကာလအတွင်း အနောက်အာဖရိကရှိ ဆင်းရဲသည့်နိုင်ငံများတွင် စာမျက်နှာ ၇ သို့ ❂

> အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုသည် သူတို့၏ဩဇာအရှိန်အဝါကို ပြသရန် မီဒီယာကို ကောင်းစွာအသုံးချခဲ့ကြသည်။ သူတို့မကြိုက်သည့်အစိုးရများ ပြိုလဲသည်အထိ မီဒီယာဖြင့် ဝင်ရောက်စွက်ဖက်ခဲ့ကြသည်။ အစိုးရနှင့် ပြည်သူ၊ ပြည်သူပြည်သူချင်း မီဒီယာဖြင့် ရန်တိုက်ခဲ့ကြသဖြင့် စည်းလုံးညီညွတ်မှုများ ပြိုကွဲရသည်။ အမှားကိုအမှန်၊ အမှန်ကိုအမှား ဖုံးဖိခဲ့ကြသည်။ မီဒီယာကိုတလွဲအသုံးချသော အနောက်တိုင်းသားများကြောင့် တိုင်းပြည်များပျက်စီး၊ စနစ်များပျက်စီးရသည်။ စစ်ပွဲများဖြစ်ရသည်၊ လူအများသေကျေရသည်။ ဆေးရုံ၊ ကျောင်း၊ တံတား၊ လမ်းများ ပျက်စီးရသည်။ အိုးမဲ့အိမ်မဲ့ အင်တော်ဘေးစစ်ပြေးဘဝရောက်ကြရ

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား အသေးစိတ် ဆွေးနွေးပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို မူဝါဒအဖြစ်ခံယူကာ အထူးစီးပွားရေးဇုန်များ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးကိုလည်းကောင်း၊ အထူး စီးပွားရေးဇုန်အလိုက် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အထူးစီးပွားရေးဇုန်အလိုက် ဆောင်ရွက်ရန်ကိစ္စများ၊ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



⭘ စာမျက်နှာ ၆ မှ

**မီဒီယာအားဖြင့် တက်လာသော အစိုးရများကို ပြန်လည်ဖြုတ်ချနေကြသည့် မြင်ကွင်းများကား အဖိ နှိပ်ခံနိုင်ငံများဘက်က ဖိနှိပ်သူအနောက်နိုင်ငံများကို ပြန်လည်ဆန့်ကျင်သည့် ပြယုဂ်များပင်ဖြစ်ပါတော့သည်။**

## ခေတ်မီခြင်းကို တလွဲအသုံးချလိုသော လူငယ်လူရွယ်များ

မီဒီယာအားဖြင့် အနောက်တိုင်းယဉ်ကျေးမှုများ နိုင်ငံငယ်များသို့ အထူးသဖြင့် အရှေ့တိုင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ ဘာသာတရား၊ ဓလေ့ထုံးတမ်းနယ်ပယ်များသို့ များစွာထိုးဖောက်မွှေနှောက်သွားသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ အရှေ့တိုင်းသည် Westernization ခေါ် အနောက်တိုင်း၏ ယဉ်ကျေးမှုတိုက်စားခြင်းခံရသည်မှာ ကြာခဲ့ပါပြီ။ အနောက်တိုင်းနိုင်ငံရေးနယ်ပယ်ကလာသော မတူကွဲပြားမှုကို လက်ခံခြင်း၊ ဘာသာပေါင်းစုံအယူအဆ၊ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လူ့အခွင့်အရေး စသည့် အယူအဆများသည် အရှေ့တိုင်းသားတို့ တန်ဖိုးထားသော စံတန်ဖိုးများအတွက် စိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်သည်။ မီဒီယာအားဖြင့် ထိုးဖောက်ဝင်ရောက်လာသော ၎င်းစကားလုံးများ အယူဝါဒများသည် အစဉ်အလာကိုတန်ဖိုးထားသော ယဉ်ကျေးလူ့အဖွဲ့အစည်းအတွင်းက ခေတ်မီခြင်းကို တလွဲအသုံးချလိုသော လူငယ်လူရွယ်များအတွက်မူ သည်းခြေကြိုက်ဖြစ်နေမည်မှာ မလွဲပါ။

ထို့ကြောင့်လည်းထင်သည်၊ ယခုရက်ပိုင်းအတွင်း ကမ္ဘာကြီးအတွက် အပြုသဘောဆောင်သည့် သတင်းမှတ်ချက်များကား ကျင်းပပြီးစီးခဲ့သည့် BRICS အစည်းအဝေးကြီးနှင့်အတူ တစ်ပြိုင်နက်ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ဆဋ္ဌမအကြိမ်မြောက် BRICS မီဒီယာဖိုရမ်က အနောက်မီဒီယာများ၏ ဝါဒဖြန့်လှုံ့ဆော်မှုများအပေါ် စစ်ကြေညာလိုက်ခြင်းတစ်မျိုးဟုပင် ယူဆပါသည်။ ထိုသတင်းများနှင့်အတူ အနောက်အုပ်စု၏ မီဒီယာအားကိုးဖြင့် ကမ္ဘာကြီးအပေါ် စိတ်တိုင်းကျ ခြယ်လှယ်နေမှုများ တဖြည်းဖြည်းလျော့ပါးသွားတော့မည်လား တွေးနေမိသည်။

**အထူးသဖြင့် BRICS အဖွဲ့ဝင် တရုတ်နှင့် ရုရှားနိုင်ငံတို့က ဦးဆောင်တိုက်ပွဲဝင်မည့်အနေအထားဖြစ်လာသည်။ အမေရိကန်သည် တရုတ်နှင့် ရုရှားအပါအဝင် မြောက်ကိုရီးယား၊ အီရန်၊ မြန်မာစသည့် အဖိနှိပ်ခံနိုင်ငံများအပေါ် သမိုင်းတစ်လျှောက် အပြင်းအထန်ဖိအားပေးလာသည်မှာ ယခုကာလတွင် အဆိုးရွားဆုံးအနေအထား၌ ရောက်ရှိနေသည့်အတွက် ယခုကဲ့သို့ တန်ပြန်အရေးယူဆောင်ရွက်မှုများမှာ နောက်ကျနေသည်ဟုပင် ဆိုရမည်ဖြစ်သည်။ အနောက်နိုင်ငံများမှ အတ္တသမားနယ်ချဲ့နိုင်ငံရေးသမားများ၊ ပညာရှင်များ၏ လိုရာဆွဲဘက်လိုက်သည့်မူဝါဒများ မှားယွင်းနေသောအမြင်များစွာကို စုပေါင်းတိုက်ဖျက်ကြရပေတော့မည်။ သူတို့၏ တစ်ဖက်သတ် စော်ကားပုတ်ခတ်မှုများသည် ကြာလေဆိုးလေဖြစ်လာသည်။ ကမ္ဘာ့ပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်မှု များသည်ထက်များလာပြီဖြစ်၍ လက်ပိုက်ကြည့်၍မဖြစ်တော့ပါ။ အနောက်တိုင်းမီဒီယာများကြောင့် ကမ္ဘာ့ပြည်သူများအချင်းချင်း အာဃာတအမုန်းတရားများ ကြီးစိုးလာသည့် အခြေအနေကို ယနေ့ BRICS အဖွဲ့ဝင်နိုင်ငံများက ဦးဆောင်ပြီး ပြန်လည်ကိုင်တွယ်ဖြေရှင်းကြရပါတော့မည်။ မီဒီယာကို မီဒီယာဖြင့်ပင် ပြန်လည်တုံ့ပြန်ကြရမည်ဖြစ်သည်။**

> ❝အီရတ်မှာ အစုလိုက်အပြုံလိုက်လက်နက်များရှိသည်ဟု သတင်းလိမ်ဖြင့် ကမ္ဘာကိုယုံအောင် မျက်လှည့်ပြပြီး အီရတ်ကို အဓမ္မဝင်တိုက်၊ ဆက်ဒန်ဟူစိန်ကိုဖြုတ်ချခဲ့သည့် တကယ့်တရားခံကျူးကျော်အစစ်ကို ကမ္ဘာ့ပြည်သူများ မမေ့သင့်ပါ။ တရားခံအစစ်ကို အဆိုးမမြင်နိုင်လောက်အောင် အနောက်မီဒီယာလက်နက်အစွမ်းက ပြင်းလှသည်။ ထို့ကြောင့် ရုရှားတို့က အနောက်အုပ်စုမီဒီယာများလောက် အားမကောင်းသည့် Sputnik၊ Tass စသည့် သတင်းဌာနများ၊ တယ်လီဂရမ်ချန်နယ်များမှ နေ့စဉ် စစ်မြေပြင်တိုက်ပွဲ သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ ကြိုးစားထုတ်လွှင့်ပေးနေရသည်ဟု ဆိုပါသည်။ ထို့ပြင် ရွေးကောက်ပွဲများတွင် မီဒီယာဖိအားဖြင့် မိမိတို့အားပေးသော အနောက်ဩဇာခံပါတီများ အနိုင်ရအောင် ပြုလုပ်ကြသည့်သာဓကများလည်း ရှိနေခဲ့၊ ရှိနေဆဲ ဖြစ်သည်။ သုံးနှစ်တာကာလအတွင်း အနောက်အာဖရိကရှိ ဆင်းရဲသည့်နိုင်ငံများတွင် မီဒီယာအားဖြင့် တက်လာသောအစိုးရများကို ပြန်လည်ဖြုတ်ချနေကြသည့်မြင်ကွင်းများကား အဖိနှိပ်ခံနိုင်ငံများဘက်က ဖိနှိပ်သူအနောက်နိုင်ငံများကို ပြန်လည်ဆန့်ကျင်သည့် ပြယုဂ်များပင်ဖြစ်❞

## အဓိကက မီဒီယာလက်နက်ပင်ဖြစ်

အာဖရိကနှင့် အာရှမှ ပြည်သူများသည် အနောက်မီဒီယာများ၏ အစဉ်အဆက် သားကောင်များဖြစ်ခဲ့ကြပြီး အာဏာရှင်များအောက်မှ ဒုက္ခရောက်နေသည့် ဆင်းရဲသားများသဖွယ် သဘောထားခံရကာ အနောက်အရင်းရှင်များအနေဖြင့် သူတို့ကိုယ်သူတို့ မဟာကရုဏာရှင်များအဖြစ် ဆက်လက်ဟန်ဆောင်နေကြဦးမည်သာဖြစ်သည်။ သူတို့ဖန်တီးသည့်စစ်ပွဲများကြောင့် နိုင်ငံများစွာတွင် ဒုက္ခရောက်ကြရသည့် အခြေအနေဆိုးများကို မသိကျိုးကျွန်ပြု၍ သူတို့ကိုယ်သူတို့ ကယ်တင်ရှင် creators များအဖြစ် ဆက်လက်စွက်ဖက်ဦးမှာ သေချာသည်။ အဓိကက မီဒီယာလက်နက်ပင်ဖြစ်သည်။ အနောက်နိုင်ငံများတွင် တိုးတက်များပြားလာသော ဆင်းရဲမှုနှုန်းများ၊ ဆိုးရွားလာသော အခြေအနေမဲ့များ၊ ခွဲခြားဖိနှိပ်မှုအခြေအနေများကိုမူ သူတို့မီဒီယာများက ရေငုံနှုတ်ပိတ်နေကြသည်။ မသိချင်ယောင်ဆောင်နေကြသည်။

ထို့ကြောင့် ကမ္ဘာ့အခြားနေရာမှ ပြည်သူများ သူတို့မသိရသေးသော၊ သိခွင့်မရသော သတင်းမှန်များကို ကြားခွင့်သိခွင့်ရနိုင်မည့် အခွင့်အလမ်းတစ်ခု ပေါ်လာခဲ့ပြီဟုသာဆိုရပါမည်။ မကြာသေးမီက ဂျိုဟန်နက်စဘတ်တွင် ကျင်းပပြီးစီးခဲ့သော (၆) ကြိမ်မြောက် BRICS Media forum က Innovation Diary အင်တာနက်စာမျက်နှာတစ်ခု ဖွင့်လှစ်၍ ဖွံ့ဖြိုးဆဲကမ္ဘာ၏ အသံများကို ကြားနိုင်၊ မြင်နိုင်မည့် စင်မြင့်တစ်ခုကို တည်ထောင်ပေးပါတော့မည်။ လက်ဝါးကြီးအုပ်မှု မခံချင်သည့် ခေါင်းဆောင်များက မှန်ကန်သည့် ဦးတည်ချက်ဖြင့် အမုန်တရားဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ပေးကြတော့မည်ဖြစ်သည်။ ကာလရှည်ဖုံးကွယ်ထားသော အမှန်တရားများကို ကြိုးစားတူးဆွ ဖွင့်ဟနိုင်ခြင်းအားဖြင့် အနောက်ကမ္ဘာက ထုတ်လွှင့်နေသော အက်ကြောင်းထပ်နေသည့် ပဋိပက္ခအသံဗလံများ၊ မဟုတ်မဟတ်ယုံတမ်းများ၊ ဖျက်လိုဖျက်ဆီးရေးသားထားသော စာသားများသည် တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်တော့မှာ သေချာပါသည်။ ထိုဆန်းသစ်သော အစီအစဉ်များကြောင့် အိန္ဒိယ၏ တိုးတက်လာသော အာကာသအစီအစဉ်များ၊ တရုတ်နိုင်ငံ၏ အစိမ်းရောင် ပြန်လည်ပြည့်ဖြိုးမြဲအစီအစဉ်များ၊ တောင်အာဖရိကမှ ဆင်းရဲမှုနှုန်း လျှော့ချမည့် ကျန်းမာရေးစောင့်ရှောက်မှုများ စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကမ္ဘာ့ပြည်သူများ ကြားခွင့်သိခွင့်ရပါတော့မည်။

## အလွှာစုံမှ နိုင်ငံတကာပြည်သူများ စုစည်းလာ

အနောက်ကမ္ဘာ၏ မီဒီယာများကတော့ သူတို့သန္ဓေတည်ရာပုံစံအတိုင်း မပြောင်းမလဲ တရစပ်ဝါဒဖြန့်ချိနေဦးမှာပါပဲ။ Unipolar ဝင်ရိုးတန်းတစ်ခုအဖြစ်မှ ဖြာထွက်လာမည့် Multipolar world ကြီးကို ဘယ်လိုမှ နှစ်မြို့ကြမည်မဟုတ်ပါ။ ထင်ထင်ရှားရှား ထွက်ပေါ်လာသည့် BRICS ဦးဆောင် ရုရှားနှင့် တရုတ် နှစ်နိုင်ငံအနေဖြင့်လည်း အမေရိကန်နှင့် လစ်ဘရယ်အုပ်စုကြီး၏ ထိုးတည်းပစ်မှတ်များအဖြစ် ဆက်လက်ရှိနေမှာ သေချာပါသည်။ ရုရှား၊ တရုတ်နှင့် မိတ်ဖက်နိုင်ငံများစွာသည် အမေရိကန်၏ တစ်ဖက်သတ်ရန်လိုမှုကို အတူတကွ ရင်ဆိုင်ကြရဦးမည်ဖြစ်သည်။ သို့သော် ကမ္ဘာကြီးကား ပြောင်းလဲလာနေပါပြီ။ တိုက်ကြီးအားလုံး၊ ဒေသအားလုံး အကျုံးဝင်လွှမ်းခြုံသည့် အလွှာစုံမှ နိုင်ငံတကာပြည်သူများ စုစည်းလာနေကြပါပြီ။ သူတို့သည်သူတို့၏အသံကို တစ်သံတည်းဖြစ်အောင် ကြိုးစားနေပါပြီ။ ဤတွင် BRICS ၏ ရလဒ်တစ်ခု ဖြစ်သည့် Innovation Diary ဆိုသော Internet webpage တစ်ခုသည် ကမ္ဘာ့ဖွံ့ဖြိုးဆဲမိသားစုများ၏အသံများ တစုတစည်းပေါ်ထွက်ရာစကြံတစ်ခု ဖြစ်လာသည်။

သူက ဖွံ့ဖြိုးဆဲတို့၏ အမှန်အကန်တိုးတက်ဖြစ်ထွန်းမှုများကို ကိုယ်စားပြုဖွင့်ဟပေးတော့မည်ဖြစ်သည်။ နေရာစုံမှ ကမ္ဘာ့ပြည်သူများ ကြားနိုင်၊ မြင်နိုင်အောင် ကြိုးစားဆောင်ရွက်ပေးကြတော့မည်။ အဓိကအချက်မှာ မိမိအကျိုးစီးပွားသက်သက်ကို အဓိကမထားဘဲ စည်းလုံးညီညွတ်မှု၊ မျှဝေဖလှယ်မှု၊ ပေါင်းစည်းမှုနှင့် တာဝန်ယူမှုတို့ကို အခြေခံရန်ပင်ဖြစ်သည်။

ထို့အတွက် တရားမျှတသည့် နိုင်ငံတကာ အခင်းအကျင်းမှ လူသားတို့၏ ပွဲတင်သံကို ယခုကဲ့သို့ အပြန်အလှန်မျှဝေကြမည့်အစီအစဉ်တွင် တက်ကြွစည်းလုံးစွာ ပါဝင်ထမ်းရွက်ကြမည့် မြင်ကွင်းများစွာကို အပြုသဘောဖြင့် မျှော်လင့်နေမိပါတော့သည်။ ။

# မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ရေရှည်တည်တံ့ရေး ဘုရားဖူးလာပြည်သူအပေါင်း ဝိုင်းဝန်းကူညီထိန်းသိမ်း

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် ခွင့်ပြုပေးခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များ ယနေ့တိုင် စဉ်ဆက်မပြတ်စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။



**အသိပေးထုတ်ပြန်ထား**

ဩဂုတ် ၈ ရက်မှစတင်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်းသို့ ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့အား အခမဲ့ ဝင်ရောက်ဖူးမြော်ခွင့်ပြုခဲ့ရာမှ ယနေ့စက်တင်ဘာ ၄ ရက်မှစတင်၍ လာရောက်ဖူးမြော်ကြသူဘုရားဖူးပြည်သူများအား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် လိုအပ်သည့် ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်အဖြစ် ပါဝင်နိုင်ရေးအတွက် ၁။လူဝင်ကြေးအခမဲ့၊ ၂။ဖုန်းတစ်လုံး (ကင်မရာပါ)ကျပ် ၁၀၀၀(ကင်မရာပါသော ဖုန်းများသာကောက်ခံပြီး key pad ဖုန်းများ မကောက်ခံပါ)၊ ၃။အပျော်ရိုက်ကင်မရာ၊ အလှဓာတ်ပုံရိုက်/ video(pre wedding အပါအဝင်) နှစ်နာရီအတွက် ကျပ် ၅၀၀၀၀ နှင့် နာရီဝက်အချိန်ပိုတိုင်း ကျပ် ၅၀၀၀၊ ၅။ဥယျာဉ်တော်အတွင်း ယာဉ်ရပ်နားကွင်း၌ ယာဉ်ငယ်တစ်စီး ကျပ် ၂၀၀၀ (အိမ်စီး ယာဉ်ငယ်များကိုသာ ဥယျာဉ်တော်အတွင်း ဝင်ခွင့်ပြုပါသည်) ယာဉ်ကြီးများနှင့် မော်တော်ဆိုင်ကယ်များ ဥယျာဉ်တော်ပြင်ပတွင်သာရပ်နားရန် (ဥယျာဉ်တော်ပြင်ပတွင် ရပ်နားသောယာဉ်များ ယာဉ်ရပ်နားခ ကင်းလွတ်ကြောင်း) နှင့် ဘာဂီစီးနင်းရာတွင် အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေး မကောင်းသူများအတွက်သာ ဘာဂီအခမဲ့စီးနင်းနိုင်ရန် စီစဉ်ထားပါကြောင်း မေတ္တာရပ်ခံလျက် အသိပေးချက် ထုတ်ပြန်ထားသည်ကို တွေ့ရသည်။



**စိမ်းလန်းစိုပြည်သောဗုဒ္ဓဥယျာဉ်တော်ကြီးအဖြစ် တွေ့မြင်ရမည်**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံ စေတီများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ပဋ္ဌာန်းဒေသနာတော်သရုပ်ပြ စကျင်ကျောက်ထွင်း အနုပညာနှင့် ဂန္ဓကုဋီတိုက်များ၊ ရေပန်းဥယျာဉ်၊ ဗောဓိပင်၊ နဂါးရုံဘုရားနှင့် သုစမ္မာဇရပ်တန်းများ အစရှိသော သာသနိကအဆောက်အအုံများပါဝင်သော ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်ကြီး ရေရှည်တည်တံ့နိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများမှာ ကြီးမားကျယ်ပြန့်သလို ပန်းဥယျာဉ်နှင့် သစ်ပင်ကြီး၊ ငယ်တို့ကို နေ့စဉ်နှင့်အမျှ ပြုစုပျိုးထောင် ထိန်းသိမ်းလျက်ရှိသည်ကို တွေ့ရပေရာ နောင်တွင် စိမ်းလန်းစိုပြည်သော ဗုဒ္ဓဥယျာဉ်တော်ကြီးအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။



ထို့ပြင် ဘုရားဖူးဧည့်ပရိသတ်များအတွက် ရေသန့်စက်နှင့် ရေသန့်ဘူးများ၊ အဆင့်မီသန့်စင်ခန်းများ၊ ဓာတ်လှေကား၊ ပီးချဲများမှသည် ဘာဂီယာဉ်များအထိ ကုသိုလ်ယူ ဝန်ဆောင်မှုများ ပေးလျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင် ရင်ပြင်တော်နှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း နေရာမလပ်၊ နာရီမလပ် သန့်ရှင်းရေးကိုလည်း အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရပေမည်။

ထိုသို့ ကြီးမားကျယ်ပြန့်သည့် ထိန်းသိမ်း တည်ဆောက်မှုများ စဉ်ဆက်မပြတ်ရှိနေသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး ကုသိုလ်တော်အဖြစ် ကင်မရာပါ ဖုန်းတစ်လုံးလျှင် အလှူငွေကျပ် ၁၀၀၀ ကုသိုလ်တော်ပါဝင်ရေး အစီအစဉ်နှင့်ပတ်သက်၍လည်း "ဖုန်းတွေ၊ ကားတွေကိုတော့ ဝင်ကြေးပေးကြရပါတယ်။ ဒီလိုကောက်ခံတဲ့ နေရာမှာလည်း ဘုရားကြီးကို လှူဒါန်းရသလိုပဲ ခံစားရပါတယ်။ ကျွန်မအနေနဲ့ ဖုန်းတွေကို ငွေကျပ် ၁၀၀၀ ပေးရတာတော့ ဘုရားကြီးကို အလုံးစုံမဟုတ်တောင် တစ်ထောင့်တစ်နေရာကနေ ပါဝင်လှူဒါန်းခွင့်ရတယ်လို့ပဲ သဘောထားပါတယ်" စသည့် ဝမ်းမြောက်ဝမ်းသာ မှတ်ချက်ပြုသည် များကိုလည်း ကြားခဲ့ရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ ဤဗုဒ္ဓပရိဝုဏ်အတွင်းသို့ ချွန်ထက်သောအရာ/ ဘောပင်/ နှုတ်ခမ်းနီ/ မီးခြစ်/ ကွမ်းယာအစရှိသည့် စကျင်ကျောက်သားများ ထိခိုက်ညစ်ညမ်းစေသောအရာများ ယူဆောင်ခွင့်မပြု တားမြစ်ထားသကဲ့သို့ ဘောင်းဘီတို၊ စကပ်တို အစရှိသော ဗုဒ္ဓဘာသာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအရ အဂါရဝဖြစ်စေသော ဝတ်စားဆင်ယင်မှုများကိုလည်း တားမြစ်ထားပါသည်။ သို့သော်လည်း ဗုဒ္ဓပရိဝုဏ်အတွင်း ဤသို့ ဝတ်စားဆင်ယင်မှုများကိုလည်း မတွေ့ခဲ့ရပေ။ အခြားတားမြစ်ပစ္စည်းများကိုလည်း မိမိတို့ မော်တော်ယာဉ်အတွင်း ပြန်ထား၍လည်းကောင်း၊ ဂိတ်ဝရှိ ခြင်းထဲတွင် ထားပစ်ခဲ့ခြင်းဖြင့်လည်းကောင်း ဗုဒ္ဓပရိဝုဏ်၏ မညစ်မနွမ်း တည်တံ့စေရေးနှင့် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ယဉ်ကျေးမှုတို့ကို ဝိုင်းဝန်းကူညီပါဝင်ကြသည်ကို တွေ့ရပေသည်။

ယနေ့တွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပညာ ဗဟုသုတရှာမှီးရာ ကျောင်းသားကျောင်းသူ လူငယ်လေးများ၊အရွယ်သုံးပါး ဧည့်ပရိသတ်များ စုံလင်လှသည်။ ဘုရားဖူးခရီးမှ အပြန်တွင်လည်း မိမိတို့၏ဆုတောင်းများ၊ ဓမ္မသံဝေဂများ၊ ဗဟုသုတများနှင့် ကုသိုလ်အမျှ ပီတိသုခများကို ရယူသွားကြသည်ဖြစ်ပါကြောင်း။ ။

**အလင်းသစ်၊ သန်းတင်အောင်၊ နေမျိုး**

# အဝင်ဂိတ်မှာတော့ ဖုန်းတွေ၊ ကားတွေကို ဝင်ကြေးကောက်ခံတာတွေ ရှိတယ်။ ဒါဟာလည်း သာသနိကအဆောက်အအုံတွေ ပြုပြင်ထိန်းသိမ်းခအနေနဲ့ ပေးဆောင်သင့်တယ်လို့ မြင်ပါတယ်။ ဒါလည်း ကုသိုလ်တစ်မျိုးပါပဲ။

**မောင်မျိုးသူဟန် (တောင်ကြီးမြို့)**

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစ၍ အခမဲ့ဖူးမြော်ခွင့်ပြုခဲ့ရာ ယနေ့အထိ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**


ဒေါ်သီတာခိုင်


ဦးညိမ်း


မငယ်


မရွှေကြီး


မစိမ်းလဲ့ဆုး


မောင်မျိုးသူဟန်

ထိုသို့ ဘုရားဖူးရောက်ရှိလာသော မြန်မာနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများနှင့်တွေ့ဆုံပြီး ယင်းတို့၏ ရင်တွင်းခံစားရသော စကားသံများ၊ သာဓုအနုမောဒနာ ခေါ်ဆိုသံများ၊ အနာဂတ်ဗုဒ္ဓသာသနာအတွက် မြော်တွေး၍ တက်ကြွသော စကားသံများကို နိဗ္ဗာန်အကျိုးမြော်ကာ နှိုးဆော်၍ ပြန်လည်ရေးသား မျှဝေလိုက်ရပါသည်။

**ဒေါ်သီတာခိုင် (ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မက ဇမ္ဗူသီရိမြို့နယ် အထက(၅) က ဆရာမပါ။ ဒီဘုရားကြီးကို လာရောက်ဖူးမြော်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းသားတွေအနေနဲ့ သွားရောက်လေ့လာ ဖူးမြော်ချင်တယ်။ ဒါကြောင့် ကျောင်းအုပ်ဆရာကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်မတို့ဆရာမတွေက လိုက်ပါပို့ဆောင်ပြီး ပါရမီဖြည့်ပေးရခြင်းဖြစ်ပါတယ်။ ဒီလိုလာရောက်ဖူးမြော်တဲ့အခါမှာ ကျောင်းသားကျောင်းသူတွေ ကုသိုလ်လည်းရသလို ဗဟုသုတတွေလည်း အများကြီးရကြပါတယ်။ အခုလာရောက်ဖူးမြော်တဲ့ကျောင်းသားကျောင်းသူတွေက အယောက် ၁၀၀ ကျော်ပါတယ်။ ဒီဘုရားကြီးက မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွေထဲမှာ အကြီးဆုံးဖြစ်တယ်။ ပြီးတော့ နောင်လာမယ့် ဘုရားသမိုင်းမှာ အကြီးဆုံး၊ အခမ်းနားဆုံးဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းမှာတွင်ကျန်ရစ်နေမှာ လည်းဖြစ်တယ်။ ဒီလိုသမိုင်းတွင်ကျန်ရစ်နေမယ့် အထင်ကရ ဒီဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် သက်ဆိုင်ရာအားလုံးကို ကျေးဇူးလည်းတင်သလို ဝမ်းသာပီတိလည်း အင်မတန်မှ ဖြစ်ရပါတယ်။ ကလေးတွေလည်း ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသလို ဗဟုသုတတွေလည်း အများကြီးတိုးပွားစေပါတယ်။ ဂန္ဓကုဋီတိုက်တွေမှာ ဗုဒ္ဓဝင်ဇာတ်တော်တွေကို ပန်းချီကားချပ်တွေ ရေးဆွဲထားတာလည်း လက်ရာကလည်းကောင်း၊ ကျောင်းသား ကျောင်းသူတွေအတွက် လေ့လာမှတ်သားစရာတွေ အများကြီးရရှိစေပါတယ်။ အခုကတော့ ကုသိုလ်နဲ့ အကုသိုလ် အကြောင်းလေးတွေ၊ ကံ ကံ၏အကျိုးလေးတွေအကြောင်း ကျောင်းသားကျောင်းသူတွေကို ရှင်းပြပေးနေတာပါ။ ပြီးတော့ ကျွန်မနဲ့အတူ ကျောင်းသား ကျောင်းသူတွေအားလုံး ဒီဘုရားကြီးပရိဝုဏ်အတွင်းမှာရှိတဲ့ သာသနိကအဆောက်အအုံတွေနဲ့ ဗိသုကာလက်ရာတွေကို လေ့လာကြည့်ရှုခွင့်ရပါတယ်။ ကျွန်မသိရသလောက် ဒီလိုလက်ရာမြောက် ဗိသုကာ လက်ရာတွေကို ပုဂံ-ညောင်ဦးမှာရှိတဲ့ ဘုရား၊ စေတီ၊ ပုထိုးတွေမှာ လေ့လာလို့ရတယ်။ ကျောင်းသား ကျောင်းသူတွေအားလုံး အဲဒီကိုသွားဖို့ဆိုရင် တကူးတကဆိုတော့ မလွယ်လှဘူး။ တူတော့ မတူဘူးပေါ့။ ဒီမှာရှိတဲ့ ဗိသုကာလက်ရာတွေလည်း လက်ရာ အင်မတန်မြောက်ပါတယ်။ ကြမ်းခင်းတွေနဲ့ အဆောက်အအုံတိုင်းလိုလို စကျင်ကျောက်တွေနဲ့တည်ဆောက်ထားတဲ့ အတွက် ရင်ထဲမှာ အေးချမ်းမှုကို ပိုပြီးခံစားရပါတယ်။ နောက် သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေအနေနဲ့ ဩဂုတ် ၈ ရက်နေ့ကတည်းက ဖူးမြော်ခွင့်ကတော့ အားလုံးအခမဲ့ပါ။ ဖုန်းတွေ၊ ကားတွေကိုတော့ ဝင်ကြေးပေးကြရပါတယ်။ ဒီလိုကောက်ခံတဲ့နေရာမှာလည်း ဘုရားကြီးကို လှူဒါန်းရသလိုပဲ ခံစားရပါတယ်။ ကျွန်မအနေနဲ့ ဖုန်းတွေကို ငွေကျပ် ၁၀၀၀ ပေးရတာတော့ ဘုရားကြီးကို အလုံးစုံမဟုတ်တောင် တစ်ထောင့်တစ်နေရာကနေ ပါဝင်လှူဒါန်းခွင့် ရတယ်လို့ပဲ သဘောထားပါတယ်။

**ဦးညိမ်း (ဆွာမြို့)**

ကျွန်တော်က ဆွာမြို့ကပါ။ ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပါ နာမည်ကြီးနေတာကို တွေ့နေ၊ ကြားနေရတော့ ကိုယ်တိုင်လာရောက် ဖူးမြော်တာပါ။ ကျွန်တော်မသေခင် ဒီဘုရားကြီးကို သွားဖူးမယ်လို့ စိတ်ဆန္ဒပြင်းပြနေတာ ဘုရားကြီးစတည်ကတည်းကပါပဲ။ အဲဒါနဲ့ မိသားစုနဲ့အတူ အိမ်နီးနားချင်း ၂၆ ယောက်လောက်စုပြီး ကားငှားလာလိုက်တာ။ အခုတော့ ကိုယ်တိုင်လက်တွေ့ ဖူးမြော်ခွင့်ရပြီ။ ကိုယ်တိုင်လက်တွေ့ ဖူးမြော်လိုက်ရတော့ တွေ့နေ၊ ကြားနေရတာထက်ကို ပိုပြီး ကြီးကျယ်ခမ်းနားတာတွေ့ရတယ်။ ဒီအသက်အရွယ်ထိ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ဘုရားကြီးကို မဖူးဖူးဘူး။ အဲဒီအတွက်လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း ကျေးဇူးတင်မိပါတယ်။

**မငယ်(ရွှေဘိုမြို့)**

ကျွန်မက ရွှေဘိုမြို့က လာရောက်ဖူးမြော်တာပါ။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုးကွယ် တည်ထားတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အဝေးကနေလာရတာ၊ လာရကျိုးလည်းနပ်ပါတယ်။ အခု ဒီလည်းရောက်ရော ပင်ပန်းတာတွေ အကုန်ပျောက်သွားပြီ။ ဘုရားကြီးမှာရှိတဲ့ နားနေဆောင်တွေမှာဆိုရင် ဝင်လိုက်တာနဲ့ အေးချမ်းနေတာကို တော်တော်အံ့ဩနေတာ။ တအားကို အေးချမ်းတာ။ ဘယ်လောက်ပဲ နေပူပူ ဘုရားကြီးရဲ့ မျက်နှာတော်က သပ္ပာယ်ပြီး အင်မတန်ကြည်ညိုစရာကောင်းပါတယ်။ ပူတဲ့အပူတွေလည်း ဘယ်ရောက်သွားမှန်းတောင်မသိပါဘူး။ လာဖူးရတဲ့အတွက်လည်း ကျေနပ်ပီတိဖြစ်ရပါတယ်။ နောက်ပြီး ဒီမှာရှိတဲ့ အဆောက်အအုံတွေမှာဆိုရင် ပန်းချီပန်းပုတွေ တကယ်လက်ရာမြောက်တယ်။ ဒီဘုရားကြီးကို ဦးဆောင်ဦးရွက် ပြုလုပ်သူတွေကို ကျေးဇူးလည်းတင်ပါတယ်၊ မေတ္တာလည်းပို့ပါတယ်။ အခုတော့ ဘုရားကြီးပဲ ဖူးဖြစ်သေးတယ်။ ဂန္ဓကုဋီတိုက်တွေ၊ ကျောက်စာရုံစေတီတွေကိုတော့ မသွားရသေးဘူး။

**မရွှေကြီး (တောင်ကြီးမြို့)**

ကျွန်မကတော့ တောင်ကြီးမြို့က လာရောက်ဖူးမြော်တာပါ။ ကျွန်မက မြေပြန့်ကိုလည်း မရောက်ဖူးဘူး၊ နေပြည်တော်လည်းမရောက်ဖူးဘူး။ ဘုရားကြီးကို သတင်းစာတွေနဲ့ ရုပ်မြင်သံကြားတွေမှာ တွေ့မြင်နေရတာကြာနေပြီ။ အလုပ်က တစ်ဖက်ဆိုတော့ မအားတာနဲ့ မလာဖြစ်တာ။ အလုပ်ဆိုတာ ပြီးတယ်ဆိုတာမရှိဘူး။ ဆက်လုပ်နေရဦးမှာပဲ။ အဲဒါနဲ့ အလုပ်ကိုနားဖို့စိတ်ပိုင်းဖြတ်ပြီး လာရောက်ဖူးမြော်တာပါ။ လာဖူးချင်နေတာတော့ ကြာနေပြီ။ ပြီးတော့ အစ်မတွေနဲ့ ဆွေမျိုးတွေကိုလည်း ဖူးစေချင်တယ်။ အဲဒါနဲ့ သူတို့တွေကို စရိတ်အကုန်အကျခံပြီး လာဖူးတာပါ။ အခုမှပဲ ဖူးမြော်ခွင့်ရတော့တယ်။ အခုဖူးတာတော့ အတော်စုံသွားပြီ။ လက်တွေ့လာရောက် ဖူးမြော်လိုက်တော့ သက်ရှိထင်ရှား မြတ်စွာဘုရားကို ဖူးမြော်ရသလို ခံစားရပါတယ်။ ပြီးတော့ ဝမ်းသာပီတိလည်း ဖြစ်မိပါတယ်။ ကျောက်စာရုံစေတီတွေမှာဆိုရင် ပိဋကတ်သုံးပုံကို လက်တွေ့လေ့လာခွင့်ရတယ်။ ကျွန်မဆိုရင် စာအုပ်ထဲမှာပဲ လေ့လာဖတ်ရှုဖူးတယ်။ အဲဒီလိုမျိုး စီမံဆောင်ရွက်ပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အများသူငှာတို့လည်း အလွယ်တကူ လေ့လာခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။ ကျွန်မအနေနဲ့ ဒီလို ကျောက်ဆစ်ရုပ်တုကို ဖူးမြော်ရတာ ဒါပထမဆုံးပါပဲ။ အဝင်မုခ်ဦးမှာတော့ ဖုန်းတွေကို အခကြေးငွေပေးဆောင်ရတယ်။ ဒါလည်း အလှူလို့ပဲ သဘောထားပါတယ်။ ဖြစ်နိုင်ရင် ကိုယ်ရောက်ဖူးတဲ့နေရာတိုင်းမှာ တတ်နိုင်တဲ့အလှူဒါနလေး ပြုချင်တယ်။ ဒီလိုအခကြေးငွေ ကောက်ခံတဲ့နေရာမှာလည်း ဘာမှပြောစရာမရှိပါဘူး။ သူ့စည်းကမ်းနဲ့သူတော့ ရှိကြတာပဲ။ ဘောပင်တွေမယူရဆိုရင်လည်း ကလေးတွေက ပုံတွေဆွဲမယ်၊ ဟိုခြစ်၊ ဒီခြစ်လုပ်တဲ့အခါ အဆောက်အအုံ နံရံတွေ ညစ်ထေးသွားမယ်။ ဒါတွေကို စည်းကမ်းတကျနဲ့ ဆောင်ရွက်ထားတာလည်း ကောင်းပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ လာရောက် ဖူးမြော်ကြသူတွေအနေနဲ့ အဲဒီစည်းကမ်းလေးတွေကို လိုက်နာဖို့လိုပါတယ်။ နောက်ပြီး မဖူးမြော်ရသေးတဲ့သူတွေလည်း ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်လာမယ့်ဘုရားကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ကြဖို့ တိုက်တွန်းပါရစေ။

**မစိမ်းလဲ့ဆုး (ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မက ဇမ္ဗူသီရိမြို့နယ် အထက(၅) Grade -7 က ကျောင်းသူပါ။ ဘုရားကြီးကို ဖူးချင်နေတာတော့ ကြာနေပြီ။ အခုတော့ ကျောင်းက စီစဉ်ပေးတာရယ်၊ ဆရာမတွေ လိုက်ပို့ပေးတာရယ်ကြောင့် ဖူးမြော်ခွင့်ရပါပြီ။ သူငယ်ချင်းတွေလည်း အားလုံးပါတယ်ဆိုတော့ ပျော်လည်းပျော်၊ ဝမ်းလည်းသာ၊ ပီတိလည်းဖြစ်ရပါတယ်။ ဒီကိုရောက်တော့ ဘုရားကြီးကို အရင်းဆုံးလာဖူးတာ။ ဘုရားကြီးက သပ္ပာယ်တယ်၊ ကြည်ညိုစရာကောင်းတယ်။ ပြီးတော့ ဒီပရိဝုဏ်အတွင်းမှာရှိတဲ့ မြင်ကွင်းအားလုံးကကြည့်လို့ကောင်းတယ်၊ ကျယ်လည်း ကျယ်ဝန်းတယ်၊ ဘုရားဖူးတွေလည်း များတယ်။ မုခ်ဦးကနေ ဝင်လာလိုက်ကတည်းက စိတ်လှုပ်ရှားတယ်၊ ကြည်ညိုသဒ္ဓါစိတ်တွေလည်း ပိုပြီးဖြစ်မိတယ်။ ကျွန်မအနေနဲ့ ဒီဘုရားကြီးကို ဖူးမြော်ခွင့်ရအောင် ကိုးကွယ်တည်ထားကြတဲ့ ဒါယကာ၊ ဒါယိကာမအပေါင်းနဲ့ လိုက်ပို့ပေးတဲ့ ဆရာ ဆရာမအားလုံးကို ကျေးဇူးတင်ပါတယ်။

**မောင်မျိုးသူဟန် (တောင်ကြီးမြို့)**

ကျွန်တော်က တောင်ကြီးမြို့ကနေ လာရောက်ဖူးမြော်တာပါ။ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ အတူလာတာပါ။ ဒီဘုရားကြီးကို အွန်လိုင်းမှာ ဖူးမြော်ခွင့်ရတယ်၊ နာမည်လည်းကြီးတယ်၊ ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူရုပ်ပွားတော်မြတ်တွေထဲမှာ အကြီးဆုံးဆိုတော့ ဖူးချင်စိတ် ဖြစ်မိတာနဲ့ လာရောက် ဖူးမြော်တာပါ။ ကိုယ်တိုင် လက်တွေ့ဖူးမြော်လိုက်ရတဲ့အခါမှာလည်း အံ့ဩမှင်သက်ဖြစ်ရပါတယ်။ ကြည်ညိုစရာလည်းကောင်းသလို အခုလိုဖူးမြော်ခွင့်ရတဲ့ အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ အဝင်ဂိတ်မှာတော့ ဖုန်းတွေ၊ ကားတွေကို ဝင်ကြေးကောက်ခံတာတွေရှိတယ်။ ဒါဟာလည်း သာသနိကအဆောက်အအုံတွေ ပြုပြင်ထိန်းသိမ်းခအနေနဲ့ ပေးဆောင်သင့်တယ်လို့ မြင်ပါတယ်။ ဒါလည်း ကုသိုလ်တစ်မျိုးပါပဲ။ လာရောက်မဖူးမြော်ရသေးသူအားလုံးကိုလည်း လာရောက်ဖူးမြော်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်**
**ဓာတ်ပုံ - နေမျိုး**

# ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးမှာ စိန်ခေါ်မှုတွေရှိနေတယ်ဆိုပေမယ့် မြန်မာနိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ အားလုံးကို အောင်မြင်စွာကျော်လွှားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်

**မစ္စတာ ဂျေ အမ် ပရီယန်သာ ဘန်ဒါရာ**

**သန်းမင်းအောင်(သတင်းစဉ်)**

**ဓာတ်ပုံ - အောင်မင်းဟန်**

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများနှင့် IDP စခန်းများ၌ ပြောင်းရွှေ့နေရာချထားမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို သွားရောက်လေ့လာကြည့်ရှုကြသည်။**

အဆိုပါ လေ့လာရေးခရီးစဉ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ တာဝန်ရှိသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည် -

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)**
**ဒုတိယဥက္ကဋ္ဌ(၁)၊ ရခိုင်ပြည်နယ်တည်ငြိမ်**
**အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ**
**လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ**

အခု သံတမန်ခရီးစဉ်ကိုစီစဉ်ရတဲ့ အဓိကရည်ရွယ်ချက် နှစ်ခုရှိပါတယ်။ တစ်ခုကတော့ ဆိုင်ကလုန်းမိုခါဖြစ်ပေါ်ပြီးတဲ့နောက်ပိုင်းမှာ စစ်တွေမြို့ဟာ တော်တော်လေးကို ထိခိုက်ခံစားခဲ့ရတယ်။ အဲဒီကနေ ပြန်လည်ရုန်းထပြီးတော့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကြရတယ်။ လုပ်ကြတဲ့အခါ နိုင်ငံတော်အကြီးအကဲရဲ့ မူဝါဒအရ ပြည်သူလူထုကို အဓိကထိခိုက်စေခဲ့တဲ့ နေရာတွေဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေးတို့မှာ ဘယ်လိုလုပ်နေသလဲ။ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီးတော့ ဘယ်လိုပြန်လည်ပြုပြင်ပေးနေသလဲ။ ဒီလိုလုပ်တဲ့အခါ ဘယ်သူကိုမှ ချန်မထားဘဲ အားလုံးကို ဂရုစိုက်တယ်ဆိုတာက ကျွန်တော်တို့ရဲ့ မူဝါဒဖြစ်တဲ့အတွက် မြို့ထဲမှာရော၊ မြို့ပြင်မှာရော လူ့အဖွဲ့အစည်းအကုန်လုံးကို တတ်နိုင်သလောက် စောင့်ရှောက်ပေးနေပါတယ်။

ဒီက အခြေအနေတွေက ပြီးခဲ့တဲ့တစ်ခေါက်နဲ့စာရင် တော်တော်များများ တိုးတက်လာပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် IDP Camp က အဖွဲ့တွေကို မိုခါမတိုင်ခင်ကတည်းက အကုန်လုံးကို ခေါ်ပြီး လုံခြုံတဲ့နေရာပို့ပေးထားတဲ့အတွက် အထိအခိုက် တော်တော်နည်းသွားတယ်။ ဒါပေမယ့်လည်း ဒီမှာလိုအပ်ချက်လေးတွေရှိပါသေးတယ်။ ဒီလိုအပ်ချက်လေးတွေကို ကျွန်တော်တို့ ဘယ်လို ဖြည့်ဆည်းပေးမလဲ။ ဘယ်လို ပိုကောင်းအောင်လုပ်မလဲ။ အခုလို နိုင်ငံတကာက သံတမန်တွေကိုခေါ်ပြီးတော့ ပြသခြင်းအားဖြင့် သူတို့ဆီကနေ နားလည်မှု၊ စာနာထောက်ထားမှုနဲ့ ကူညီမှု ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာကို ဒီအထိ ဖိတ်ခေါ်ပြသတာဖြစ်ပါတယ်။

ပြီးတော့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ရင် အဓိကအဆင့်သုံးဆင့်ရှိပါတယ်။ အဓိကအဆင့်သုံးဆင့်ကတော့ ပထမဆုံး ဝင်လာတဲ့နေရာမှာ လက်ခံတယ်၊ လုံခြုံရေးအရ လိုအပ်တာစိစစ်မယ်၊ လူဝင်မှုကြီးကြပ်ရေးဘက်ကနေ စိစစ်မယ်၊ စိစစ်ပြီးလို့ရှိရင် e-ID စိစစ်တာရှိမယ်၊ အဲဒါပြီးတာနဲ့ သူတို့အတွက် နိုင်ငံသားဖြစ်မှုအတွက် စိစစ်တဲ့ကတ်ကို ထုတ်ပေးမှာဖြစ်ပါတယ်။ ပြီးရင်တော့ သူတို့နိုင်ငံသားဖြစ်ဖို့အတွက် ဆက်ပြီးလျှောက်ထားနိုင်ပါတယ်။ ဒီလိုမျိုးလုပ်ငန်းတွေပြီးတဲ့အချိန်မှာ သူတို့ဝင်လာတဲ့ ပြန်လည်လက်ခံရေးစခန်းမှာ ခဏတာထားပြီးတော့ လူစုမိတဲ့အခါကျရင် ကြားစခန်းအနေနဲ့ လှဖိုးခေါင်ကြားစခန်းမှာ ထားမှာဖြစ်ပါတယ်။

ဒီကြားစခန်းမှာ ထားတဲ့အခါမှာတော့ သူတို့အတွက် မိသားစုအလိုက် နေထိုင်လို့ရမယ်။ နောက်တစ်ခုက သူတို့အတွက် ဆန်၊ ဆီ၊ ဆား စသဖြင့် ထောက်ပံ့မှုတွေ၊ အိုးခွက် ပန်းကန်ကစပြီး ထောက်ပံ့မှုတွေရှိမယ်။ ကလေးတွေအတွက်ဆို ကလေးကစားစရာတွေ၊ ကလေးတွေပျော်အောင် စီစဉ်ထားတဲ့ နေရာလေးတွေ ရှိမယ်။ စက်ချုပ်သင်တန်းလေးတွေ




ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်

ရှိမယ်။ အဲဒီမှာကတော့ အချိန်က တစ်ပတ်၊ နှစ်ပတ် အတန်အသင့် ကာလရှိမယ်။ တချို့လည်း တစ်လ၊ နှစ်လတော့ ဖြစ်ကောင်းဖြစ်သွားမှာပေါ့။

ဒီကြားစခန်းမှာ နေပြီးရင် အမြဲတမ်းအခြေချမယ့် နေရာကို သူတို့က ပြောင်းရွှေ့ကြရမယ်။ အမြဲတမ်းအခြေချမယ့်နေရာမှာဆိုရင်လည်း သူတို့အတွက် အခုလောလောဆယ်မှာ ရွာပေါင်း ၂၀ လောက်ကို ၂၅ ပေ၊ ပေ ၆၀ အကွက်ရိုက် ရှင်းလင်းပေးထားတာ ရှိပါတယ်။ ဒါတွေကတော့ ရွာသစ်လေးတွေဖြစ်လာပါမယ်။ ဒီရွာသစ်တွေကိုလည်း မူလနေထိုင်တဲ့ ရွာအဟောင်းတွေနဲ့ နီးစပ်တဲ့နေရာတွေမှာ ပြန်ချပေးမယ့် အနေအထားရှိပါတယ်။

နောက်တစ်ခုကတော့ အရင်က နိုင်ငံတကာအထောက်အပံ့နဲ့ဆောက်ထားတဲ့ ရွာတွေလည်းရှိပါတယ်။ အဲဒီရွာတွေမှာလည်း သူတို့နေချင်တယ်ဆိုရင် နေလို့ရတယ်။ ဒါမှမဟုတ်ဘဲ ခဏတစ်ဖြုတ်နေပြီးတော့ သူတို့အမြဲတမ်းနေထိုင်မယ့်နေရာမှာ သွားပြီး အခြေချချင်တယ်ဆိုရင်လည်း ရပါတယ်။

တကယ်လို့ သူတို့ရဲ့ မူလရွာတွေက လက်ရှိ ရှိနေသေးတယ်၊ အိမ်အဟောင်းတွေလည်းရှိတယ်၊ ဆွေမျိုးသားချင်းတွေလည်း အဲဒီမှာရှိတယ်၊ မူလရွာခံတွေနဲ့ သူတို့နဲ့ အဆင်ပြေတယ်ဆိုရင်လည်း သူတို့နေချင်တဲ့ မူလလက်ဟောင်းရွာတွေမှာ သက်ဆိုင်ရာကျေးရွာအာဏာပိုင်၊ ပြည်နယ်အစိုးရတို့ရဲ့ တရားဝင်ခွင့်ပြုချက်တွေနဲ့ နေနိုင်ဖို့အတွက် စီစဉ်ပေးမှာဖြစ်ပါတယ်။

ဒီလိုမှမဟုတ်ဘဲ ရွာသစ်တွေမှာ အဆင်ပြေတယ်ဆိုရင် ရွာသစ်တွေမှာ နေလို့ရပါတယ်၊ ဒါက ကျွန်တော်တို့အနေနဲ့ အတင်းအကျပ် နှင်လွှတ်တာမဟုတ်ဘူး။ သူတို့ရဲ့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်နဲ့ နေရာချထားမှာဖြစ်ပါတယ်။ ဒါပေမယ့် ပြဿနာက ဘာလဲဆိုတော့ ပြန်ဝင်လာတာကတော့ လွယ်တယ်၊ ပြန်ဝင်လာပြီးတော့ အခြေချနေထိုင်နိုင်ဖို့ အလုပ်အကိုင်တွေ ဖန်တီးပေးဖို့လိုမယ်။ ဝင်ငွေတွေ ရရှိအောင်လုပ်ပေးဖို့လိုမယ်။ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ထောက်ပံ့မှုတွေလိုမယ်။

ငါးဖမ်းတဲ့ လူတွေအတွက်ဆို ငါးဖမ်းတဲ့ကိရိယာတွေ၊ လှေတို့၊ ပိုက်တို့၊ စိုက်ပျိုးမယ့် လူတွေဆိုရင် မျိုးစေ့၊ မြေသြဇာ၊ ထွန်၊ ထယ်၊ လယ်ထွန်စက်၊ ရေစုပ်စက် စသဖြင့် ဒါမျိုးတွေကိုလည်း ကျွန်တော်တို့က ပံ့ပိုးပေးရမယ်။ လောလောဆယ် သုံးလစာလောက် စားဖို့ သောက်ဖို့အတွက် ပံ့ပိုးနိုင်တယ်။ အဲဒါပြီးရင်တော့ ကိုယ့်ဘာသာကိုယ် ရပ်တည်ရမယ်။ ဒီကာလအတွင်းမှာ ရေရှည်ရပ်တည်နိုင်ဖို့အတွက် ကျွန်တော်တို့ ဝိုင်းဝန်းပြီး ဆက်လက်လုပ်ဆောင်ပေးဖို့လိုပါတယ်။

အဲဒီအတွက်ကြောင့် အခု သံတမန်တွေကို ဖိတ်ခေါ်ပြီးတော့ ပြသတယ်။ အပြင်မှာဖြစ်နေတဲ့ သတင်းအမှားတွေ ထုတ်လွှင့်နေတာထက် လက်တွေ့အခြေအနေမှန်ကို မြင်နိုင်အောင် ကျွန်တော်တို့ ခေါ်ပြီးတော့ပြတယ်။ သူတို့ရဲ့ နားလည်မှု၊ သူတို့အတွက် သတင်းအမှန်ကိုရရှိနိုင်ဖို့အတွက် ရှင်းလင်းပြီး အသေးစိတ်ပြောပြတယ်။ သူတို့သိချင်တဲ့ အချက်အလက်တွေကို ရှင်းပြတယ်။

ရှင်းပြတော့ တော်တော်များများလည်း နားလည်သွားကြတယ်၊ သဘောပေါက်သွားကြတယ်။ သူတို့ရဲ့ နိုင်ငံကို ပြန်ပြီးတော့ ဒီအခြေအနေမှန်ကို အစီရင်ခံသွားမယ်ဆိုတာကိုလည်း ကျွန်တော်တို့ကို ပြောကြားပါတယ်။

ဘင်္ဂလားဒေ့ရှ် သံအမတ်အနေနဲ့လည်း သူတို့ရဲ့ အခြေအနေနဲ့ဒီဘက်အခြေအနေကို နှိုင်းယှဉ်ပြီးတော့ ဒီဘက်က လုပ်ဆောင်တာတွေကို သူသဘောပေါက်နားလည်တယ်။ တချို့အရာလေးတွေကိုတော့ ရှင်းရှင်းလင်းလင်းသိဖို့လိုတဲ့အတွက်၊ သူလည်း ပြန်ပြီးသတင်းပို့ရမှာ ဖြစ်တဲ့အတွက် သိချင်တာကို အသေးစိတ်မေးမြန်းပါတယ်။ ဒီလိုမေးတဲ့အတွက် ကျွန်တော်တို့ကလည်း သူ့ကို အတတ်နိုင်ဆုံး ရှင်းရှင်းလင်းလင်းပဲ ဖြေကြားခဲ့ပါတယ်။




အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်

အခုကတော့ ရွာအနေနဲ့ ရွာ ၂၀ မှာ ပထမဆုံး ၂၅ ပေ၊ ပေ ၆၀ ပတ်လည် အကွက် ၅၀ စီနဲ့ အိမ်ခြေ ၁၀၀၀ စာ မြေနေရာကိုတော့ ရှင်းလင်းထားပြီး အကွက်ရိုက်ထားပါတယ်။ သူတို့ ရောက်လာတဲ့အချိန်ကျရင် ABH container house မျိုးတွေ နိုင်ငံတကာနဲ့၊ တရုတ်နိုင်ငံက ဆက်လက်ထောက်ပံ့ဖို့ ရှိပါတယ်။ ဒါမျိုးနဲ့ သူတို့နေနိုင်တယ်ဆိုရင် အဲဒါတွေနဲ့ အရင်နေရာချပေးမယ်။ ဒါမှမဟုတ် သူတို့ဘာသာ သူတို့စိတ်ကြိုက်ပုံစံနဲ့ ဆောက်ချင်တယ်ဆိုရင်လည်း Cash for Work၊ အလုပ်အတွက် ပိုက်ဆံပေးပြီး သူတို့ဘာသာရှင်းလင်းပြီးတော့ သူတို့စိတ်ကြိုက်ဆောက်နေလို့ရပါမယ်။ အဲဒီလို ပုံစံမျိုးနဲ့ ဆက်ပြီး နေရာချထားပေးသွားမယ်။

အဲဒီရွာတွေရဲ့အနီးမှာ အခြားရှိပြီးသား ရွာတွေရှိတယ်။ အဲဒီရွာတွေမှာ ဆေးခန်း၊ ဆေးရုံ၊ ကျောင်း ဒါမျိုးတွေကလည်း ရှိပြီးသားဖြစ်ပါတယ်။ သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးအတွက် အဲဒီရွာတွေနဲ့ ဆက်စပ်ပြီးတော့ လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ ရောက်လာတဲ့အချိန်မှာ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီအလုပ်တွေက အရင်ကတည်းက ကြိုးစားခဲ့တယ်။ အစိုးရအဆက်ဆက် လုပ်ခဲ့တယ်။ လုပ်ခဲ့ပေမယ့် အခြေအနေအကြောင်းကြောင်းကြောင့်၊ အရပ်ရပ်ကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို မစနိုင်သေးပါဘူး။ အခု နှစ်ဖက်နိုင်ငံ သဘောတူညီချက်အရ လာမယ့် မိုးကုန်တဲ့အချိန်၊ ခြောက်သွေ့ရာသီမှာ အမြန်ဆုံးစနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က ပြင်ဆင်စရာရှိတာတွေ အတတ်နိုင်ဆုံး ပြင်ဆင်နေတယ်။

စခါစမှာတော့ Pilot Project အနေနဲ့ နည်းနည်းလက်ခံပြီးတော့ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကို လုပ်သွားရင်း၊ လုပ်သွားရင်းနဲ့ ပိုကောင်းသည်ထက်ကောင်းအောင် လုပ်သွားမယ်။ ကူမင်းသဘောတူညီချက်အရ ဒီနှစ်အတွင်း လူ ၇၀၀၀ လက်ခံဖို့ရှိပါတယ်။ လက်ခံနိုင်ဖို့အတွက်ကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မိုခါပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ နိုင်ငံတော်ရဲ့ဦးဆောင်မှုနဲ့ နိုင်ငံတော်အဆင့်မှာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရှိပါတယ်။ ဒီကော်မတီအောက်မှာ လုပ်ငန်းအဖွဲ့ ၁၂ ခုရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ ရှိပါတယ်။ ရခိုင်ပြည်နယ်မှာလည်း သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့တွေရှိပါတယ်။ ဗဟိုကော်မတီ၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့တွေပေါင်းပြီးတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ကြပါတယ်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ မစခင်မှာ ဆောင်ရွက်ထားရတာတွေလည်း ရှိတယ်။ မဖြစ်ပွားခင်အချိန်ကတည်းက ကြိုတင်သတိပေးချက်တွေ၊ ဘေးမဖြစ်ခင် ရှောင်ရှားနိုင်တဲ့ ကိစ္စတွေ၊ ဘေးဖြစ်ခဲ့ရင် ထောက်ပံ့ဖို့အတွက် ကြိုတင်ပြီး စုဆောင်းထားရတာတွေရှိပါတယ်။ လူတွေအတွက် ဘာတွေလိုသလဲဆိုတော့ အကြမ်းအားဖြင့် အစားအသောက်တွေ၊ နေရေးထိုင်ရေး ပစ္စည်းတွေနဲ့ နေအိမ်တွေ ၊ ဒါတွေကို မဖြစ်ခင်ကတည်းက ကြိုတင်ပြီးတော့ စီမံရပါတယ်။ အဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ လမ်း၊ တံတား ၊ ဆေးရုံ ဒါတွေက မရှိမဖြစ် နိစ္စဓူဝ လိုအပ်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရပါဘူး။ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနဦးဆောင်မှုနဲ့ ဝန်ကြီးဌာနအားလုံး ပူးပေါင်းပြီး လုပ်ကြပါတယ်။ ဥပဒေထဲမှာလည်း ပါပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC)ကို ဖွဲ့စည်းထားပါတယ်။ ၂၄ နာရီ ရုံးခန်းဖွင့်လှစ်ပြီးတော့ ဝန်ကြီးဌာန အားလုံးက တာဝန်ရှိသူတွေ လာပြီးတော့မှ အားလုံး ပူးပေါင်းဆောင်ရွက်ကြပါတယ်။

ကျွန်တော်တို့ဌာနအနေနဲ့ ပံ့ပိုးကူညီပြီး၊ ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ရပါတယ်။ လုပ်ငန်းတွေကို ဝန်ကြီးဌာနတွေက သူတို့ တာဝန်အလိုက် လုပ်ကြတဲ့အခါ ကျွန်တော်တို့က ပေါင်းစပ်ပြီး လုပ်ပေးတယ်။ ဒီကနေ့

**စာမျက်နှာ ၁၁ သို့** ✻

✻ **စာမျက်နှာ ၁၀ မှ**

ဒီအချိန်မှာဆိုရင် သုံးလခွဲကာလ ရှိနေပါပြီ။ ဒီခရီးစဉ်မှာ နိုင်ငံတကာက သံတမန်တွေကို ဒါတွေကို ပြသတယ်။ UN ၊ NGO တွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ၊ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေက လှူဒါန်းမှုတွေ၊ ပံ့ပိုးကူညီမှုတွေ၊ ဒါတွေကလည်း ကျွန်တော်တို့ အမြဲတမ်းပြောနေကျ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် Cooperative Approach နဲ့ သွားတယ်။ အဲဒီမှာ အရေးအကြီးဆုံးပြတာက ကျွန်တော်တို့မှာ မူဝါဒရှိပါတယ်။ ဒါကတော့ သဘာဝဘေးစီမံခန့်ခွဲမှုနဲ့ ထောက်ပံ့ရေးလုပ်ငန်း ဆောင်ရွက်တဲ့အခါ **“မည်သူမျှ ချန်ထားခြင်းမရှိစေရ၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေရရှိအောင်၊ ပိုမိုကြံ့ခိုင်သော လူနေမှုဘဝရရှိအောင်”** ဒါတွေကို ကျွန်တော်တို့ ရည်မှန်းပြီးတော့ လုပ်ရပါတယ်။

စောစောက ကျွန်တော်ပြောခဲ့သလို မည်သူမျှ ချန်ထားခြင်းမရှိစေရဆိုတာအပြင် ထိခိုက်လွယ်တဲ့ အုပ်စုတွေ ကလေးသူငယ်တွေ၊ အမျိုးသမီးတွေ၊ မသန်စွမ်းတွေ၊ သက်ကြီးရွယ်အိုတွေ ဒါမျိုးတွေကိုပါ ကြည့်ရတယ်။ ပေါင်းလိုက်ရင်တော့ မည်သူကိုမှလည်း ချန်မထားဘူး။ IDP Camp တွေမှာဆိုရင်လည်း သက်ကြီးရွယ်အိုတွေပါတယ်၊ အမျိုးသမီးတွေပါတယ်။ ပြီးတော့ IDP Camp တွေမှာဆိုရင် သီးခြားလိုအပ်ချက်တွေလည်း ရှိသေးတယ်၊ ဒါတွေကိုလည်း ကျွန်တော်တို့က တတ်နိုင်သလောက် ဖြည့်ဆည်းပေးပြီးတော့ ဆောင်ရွက်နေပါတယ်။ မူလကလည်း ဖြည့်ဆည်းပေးတယ်၊ မိုခါကြောင့်လည်း ပိုပြီးတော့ ဖြည့်ဆည်းပေးတယ်။

မဖြစ်ခင် ကတည်းက IDP Camp တွေမှာ မကျန်ရစေအောင် စီစဉ်တယ်။ ဒီတစ်ခါ မုန်တိုင်းမှာ စစ်တွေမှာဆိုရင် များသောအားဖြင့် အဆောက်အအုံတွေ အများကြီး ပျက်စီးသွားပါတယ်။ ဒါပေမဲ့ မုန်တိုင်းပြင်းအားနဲ့ ပျက်စီးတာနဲ့စာရင် အသေအပျောက်အင်မတန်နည်းတယ်။ ဒါတွေကတော့ ကျွန်တော်တို့ စုပေါင်းစွမ်းအားနဲ့ ဆောင်ရွက်ကြလို့ ဒီလိုမျိုးဖြစ်တာပါ။

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း**

မိုခါမုန်တိုင်း တိုက်ခတ်ပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံတော်အကြီးအကဲ ရောက်ရှိလာပြီးတော့ ကျွန်တော်တို့ကို ညွှန်ကြားချက်ပေးပါတယ်။ ဒါကတော့ အရင်အခြေအနေထက် သာလွန်ကောင်းမွန်တဲ့ အခြေအနေဖြစ်အောင် ကြိုးစားပြီးဆောင်ရွက်ဖို့ပါ။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ အရင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ ပထမဦးစားပေးအနေနဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ပြန်လည်ထူထောင်ရေးကိစ္စရပ်တွေကို တစ်ခုပြီးတစ်ခု ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် ပြန်လည်တည်ဆောက်ရေးအပိုင်းတွေကို သူ့အပိုင်းနဲ့သူ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ လျှပ်စစ်မီးအပါအဝင် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့အနေနဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍကို အထူးဦးစားပေးဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အဓိကဦးစားပေးဆောင်ရွက်တဲ့ ဒေသ၊ အရင်းအမြစ်တွေရှိတဲ့ ဒေသလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှာကြားချက်နဲ့အညီ စိုက်ပျိုးရေးအတွက် နိုင်ငံတော်က အထွက်နှုန်းကောင်းတဲ့ မျိုးစပါးတွေကို ပေးထားပါတယ်။ အရင်ထက်ပိုပြီးတော့ အထွက်နှုန်းတွေကောင်းအောင် စိုက်နည်းစနစ်တွေ၊ ထွန်ယက်တာကအစ စက်မှုလယ်ယာကနေ အခမဲ့ကူညီထွန်ယက် ဆောင်ရွက်ပေးနေတာတွေရှိပါတယ်။ ဒါကြောင့်မို့ မကြာမီ တစ်ပြည်နယ်လုံးမှာရှိတဲ့ စိုက်ကေအားလုံး ထွန်တုံးပိတ်နိုင်မှာဖြစ်ပါတယ်။

မွေးမြူရေးကိစ္စရပ်တွေမှာ မိုခါကြောင့် ဆုံးရှုံးနစ်နာမှုတွေရှိပါတယ်။ ဒီအတွက် နိုင်ငံတော်ရဲ့ အထောက်အပံ့၊ အကူအညီနဲ့ ဆောင်ရွက်ပေးနေတာတွေလည်း ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လမ်းညွှန်မှာကြားထားတာ ရှိပါတယ်။ ဒါကတော့ လုပ်နိုင်ခြေကောင်းတဲ့၊ အလားအလာကောင်းတဲ့ မွေးမြူရေးသမားတွေကို ပျိုးထောင်ပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်က တစ်ဖက်က စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ကူညီထောက်ပံ့ပေးသလို မွေးမြူရေးနဲ့ပတ်သက်လို့လည်း ချေးငွေတွေ ထောက်ပံ့ပေးပြီးတော့ ဆောင်ရွက်နေပါတယ်။

အခုရောက်ရှိလာတဲ့ သံတမန်တွေက ဒီကအခြေအနေတွေကို သူတို့ အံ့ဩသွားတယ်။ မိုခါမုန်တိုင်း တိုက်ခတ်ခဲ့တာ တကယ်ဟုတ်ရဲ့လားဆိုပြီး သူတို့ အံ့ဩတာတွေ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ အချိန်တိုအတွင်းမှာ ပုံမှန်အနေအထားရောက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း




မစ္စတာ မုံခွန်း ဝိစစ်စတန်




မစ္စတာ ဂျေ အမ် ပရီယန်သာ ဘန်ဒါရာ

ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ အားထုတ်မှုတစ်ခုတည်းမဟုတ်ပါဘူး။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထောင်စုအဆင့်က ဆောင်ရွက်သလို တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့၊ ဌာနဆိုင်ရာ အသီးသီးနဲ့ ဒေသခံပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ကြတဲ့ အင်အားတွေကြောင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကို သက်သေပြနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီလိုပဲ ဘာသာရေးဆိုင်ရာအဆောက်အအုံ၊ ဆေးရုံနဲ့ ကူညီထောက်ပံ့ရေးပစ္စည်းတွေ တင်ချနေတာတွေကိုလည်း လက်တွေ့ပြသနိုင်ခဲ့ပါတယ်။ ထို့အတူ ကျွန်တော်တို့မှာရှိတဲ့ စခန်းတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့သူတွေကို ကူညီထောက်ပံ့ပေးနေတာတွေလည်း ရှိပါတယ်။ ဒါတွေကို သူတို့ကို မျက်ဝါးထင်ထင် ပြသနိုင်ခဲ့ပါတယ်။ ဒါကတော့ နိုင်ငံတော်ရဲ့ဆောင်ရွက်ချက်တွေကို နိုင်ငံတကာကိုသိအောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတဲ့ အကျိုးရလဒ်ပါပဲ။ ဒါကလည်း ကျွန်တော်တို့အားလုံးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပါပဲ။

ပြန်လည်လက်ခံရေးကိုလည်း ကျွန်တော်တို့ ရည်မှန်းချက်ထားဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လည်း လက်ခံတဲ့နေရာမှာ စတင်စစ်ဆေးပြီးတော့ လက်ခံမယ့်နေရာ၊ သယ်ယူပို့ဆောင်မယ့် နေရာ၊ သူတို့ကို နေရာချထားမယ့်နေရာတွေကို ကျွန်တော်တို့ လိုက်ပြလိုက်ပါတယ်။ သူတို့အနေနဲ့ ကျွန်တော်တို့ အမှန်တကယ်လုပ်ကိုင်နေတာတွေ အားလုံးကို မြင်တွေ့သွားတယ်။

ဒီလို မြင်တယ်၊ တွေ့တယ်၊ သိတယ် ဒါတွေနဲ့ ပတ်သက်ပြီး မြင်တဲ့၊ တွေ့တဲ့၊ သိတဲ့ အရာတွေကို သူတို့မိတ်ဆွေတွေကို ပြောပြစေချင်တယ်။ အမှန်ကို အမှန်တိုင်း ပြောပြစေချင်ပါတယ်။ ဒါတွေကို ပြသခွင့်ရဖို့ နိုင်ငံတော်အကြီးအကဲရဲ့ ဒီခရီးစဉ် စီမံပေးမှုဟာ ကျွန်တော်တို့အတွက် အခွင့်အရေးကောင်းတွေ များစွာရရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အမှန်တကယ်လုပ်ကိုင်ပေးထားတာတွေကို သူတို့မြင်တွေ့သွားတယ်။ ဒီလိုမြင်တွေ့တာတွေကို သတင်းစကားတွေအဖြစ် သူတို့ရဲ့မိတ်ဆွေတွေကို ပြောဖို့ပဲလိုပါတယ်။

**မစ္စတာ မုံခွန်း ဝိစစ်စတန်**
**မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး**

ကျွန်တော်က မတ်လတုန်းက ပထမအကြိမ် လေ့လာရေးခရီးစဉ်မှာလည်း လိုက်ပါခဲ့ပြီးတော့ ခြောက်လအကြာ အခုဒုတိယအကြိမ် ထပ်မံရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ မိုခါကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြတဲ့ သူတွေအားလုံး ပါဝင်ကူညီဆောင်ရွက်ပေးထားတဲ့ ပြန်လည်ထူထောင်ရေးအခြေအနေကို တွေ့မြင်ခဲ့ရပါတယ်။ ဒီအတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

ကျွန်တော်တို့ ထိုင်းနိုင်ငံအနေနဲ့ မိုခါဘေးသင့်ခဲ့တဲ့ ရခိုင်ပြည်နယ်က ပြည်သူတွေ၊ တခြားနေရာတွေက ပြည်သူတွေရဲ့ထိခိုက်ခံစားရမှုကို စာနာနားလည်ပါတယ်။ ထိုင်းဘုရင် အပါအဝင် ထိုင်းပြည်သူတွေက စာနာထောက်ထားမှုအကူအညီတွေကို မြန်မာပြည်သူတွေထံ ပေးခဲ့ပါတယ်။ မိုခါမုန်တိုင်းခံစားခဲ့ရပေမယ့် ပြည်သူတွေအနေနဲ့ လုံခြုံတဲ့၊ ပိုမိုကောင်းမွန်တဲ့ လူမှုဘဝကို ရရှိနေကြတာကို လက်တွေ့တွေ့မြင်ခဲ့ရတဲ့အတွက်လည်း မြန်မာအစိုးရရဲ့ ဆောင်ရွက်မှုများအပေါ် များစွာ ချီးကျူးဂုဏ်ယူမိပါတယ်။

ပထမအကြိမ် လေ့လာရေးခရီးစဉ်မှာ ကတည်းက ရခိုင်ပြည်နယ်မှာ လူမှုပေါင်းစည်းရေးအတွက် ဆောင်ရွက်ပေးနေမှုတွေ၊ မတူညီတဲ့ လူမှုအသိုင်းအဝိုင်းနှစ်ခု အတူတကွ ပညာသင်ကြားမှုတွေကို လေ့လာခွင့်ရခဲ့ပြီး ဒီနေ့မှာလည်း မုန်တိုင်းဒဏ်သင့်ပြီးနောက် အဆိုပါသင်တန်းတွေကို အဆက်မပြတ်ဘဲ ဆက်လက်ဖွင့်လှစ်ပေးနေတာကို တွေ့ရတဲ့အတွက် မြန်မာအစိုးရရဲ့ ဆောင်ရွက်နေမှုအပေါ် များစွာ ချီးကျူးလိုပါတယ်။ ပြီးတော့ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်နဲ့ ဆောင်ရွက်မယ့် ပြန်လည်လက်ခံရေးစခန်းတွေကို သွားရောက်လေ့လာမှာဖြစ်ပါတယ်။ ပထမအဆင့်ဖြစ်တဲ့ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွေအတွက် နှစ်နိုင်ငံတာဝန်ရှိသူတွေ ညှိနှိုင်းဆောင်ရွက်မှုကနေ ရှေ့ဆက် ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ယုံကြည်ပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ TICA အစီအစဉ်အောက်ကနေပြီး ရခိုင်ပြည်နယ်နေ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်မှုတွေကနေ ပြန်လည်ဝင်ရောက်လာမယ့် နေရပ်စွန့်ခွာသူတွေအတွက် ကောင်းမွန်လုံခြုံတဲ့ လူမှုစီးပွားဘဝတွေကို ရရှိစေမယ်လို့လည်း ယုံကြည်ပါတယ်။

**မစ္စတာ ဂျေ အမ် ပရီယန်သာ ဘန်ဒါရာ**
**မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး**

ဒီခရီးစဉ်မတိုင်မီက ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်ကို ရောက်ရှိခဲ့ဖူးခြင်းမရှိသေးတဲ့အတွက် ဒီဒေသနဲ့ပတ်သက်ပြီး သေချာသိရှိခဲ့ခြင်းမရှိခဲ့ပါဘူး။ ယခု နှစ်ရက်တာ သံတမန်ခရီးစဉ်မှာ မြန်မာအစိုးရက ဆောင်ရွက်နေတဲ့ ဆိုင်ကလုန်းမိုခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ IDP စခန်းနေသူတွေအတွက် စီမံဆောင်ရွက်ပေးထားမှုတွေနဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို စိစစ်ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ထားရှိတဲ့ အခြေအနေတွေကို မျက်မြင်လေ့လာခွင့်ရခဲ့ပါတယ်။ ဒီလိုမျိုး မြန်မာအစိုးရရဲ့ ဆောင်ရွက်ပေးနေမှုကို မိမိအနေနဲ့ ဝမ်းမြောက်စွာအသိအမှတ်ပြုကြောင်း ပြောလိုပါတယ်။

မြန်မာအစိုးရအနေနဲ့ မိုခါမုန်တိုင်းဒဏ်သင့် ထူထောင်ရေးလုပ်ငန်းတွေနဲ့ နေရပ်စွန့်ခွာသူတွေ အရေးကိစ္စတွေကိုဖြေရှင်းနိုင်ဖို့ အကောင်းဆုံး ဆောင်ရွက်ပေးနေတာကိုလည်း တွေ့မြင်ခဲ့ရတယ်။ ကျွန်တော့်အနေနဲ့ ပြောကြားရမယ်ဆိုရင် သီရိလင်္ကာနိုင်ငံမှာလည်း နှစ်(၃၀)ကြာ အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်ခဲ့မှုတွေ၊ ၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ဆူနာမီဘေးဒဏ်သင့်ဒေသတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ စီးပွားရေးအကျပ်အတည်းတွေ၊ ကိုဗစ်–၁၉ လို ကပ်ရောဂါတွေ ထိန်းချုပ်ကာကွယ်ကုသရေးတွေ စတဲ့အခက်အခဲများစွာကို ကျော်ဖြတ်ခဲ့ရတဲ့ အတွေ့အကြုံတွေရှိခဲ့ပါတယ်။ ဒါကြောင့် ခုလို မြန်မာနိုင်ငံက ခုရင်ဆိုင်ခဲ့ရတဲ့အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်တာကို တွေ့မြင်ရတဲ့အတွက်လည်း မြန်မာအစိုးရရဲ့ ဆောင်ရွက်ပေးမှုအပေါ် ချီးကျူးဂုဏ်ပြုကြောင်း ပြောလိုပါတယ်။

ဆိုင်ကလုန်းမိုခါနဲ့ပတ်သက်ပြီးတော့လည်း မြန်မာအစိုးရအနေနဲ့ ကြိုတင်သတိပေးမှုတွေ ကြိုတင်ပြင်ဆင်မှုတွေကို ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့လို့ သေဆုံးမှုအရေအတွက် အနည်းဆုံးဖြစ်ခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ တကယ်တော့ ကျွန်တော်တို့ လေ့လာခဲ့ရတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးစီစဉ်ဆောင်ရွက်ရတာတွေဟာ ဒီလိုအခြေအနေ ရောက်ရှိအောင် လက်တွေ့ဆောင်ရွက်ရတာ မလွယ်ကူနိုင်ပါဘူး။

နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီးပြောရမယ်ဆိုရင် မြန်မာအစိုးရဟာ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ပေးနေတာကို လေ့လာခဲ့ရပါတယ်။ ဒီနေရာမှာ ပြောကြားလိုတာကတော့ သီရိလင်္ကာနိုင်ငံအနေနဲ့ အကြမ်းဖက်တိုက်ဖျက်မှုကို လုပ်ဆောင်ပြီးနောက် မူလအခြေအနေရောက်ရှိဖို့ လုပ်ငန်းဆောင်ရွက်ခဲ့ရာမှာလည်း အချိန်ယူဆောင်ရွက်ခဲ့ရသလို ပြန်လည်နေရာချထားရေးမှာ မူလအခြေအနေပြန်လည်ရောက်ရှိဖို့ အချိန်အတိုင်းအတာတစ်ခု လိုအပ်တယ်ဆိုတာပဲဖြစ်ပါတယ်။ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးမှာ စိန်ခေါ်မှုတွေ ရှိနေတယ်ဆိုပေမယ့် မြန်မာနိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေအားလုံးကို အောင်မြင်စွာ ကျော်လွှားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ သီရိလင်္ကာနိုင်ငံအနေနဲ့လည်း မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်က အစဉ်အမြဲရပ်တည်သွားမယ်လို့ ထပ်လောင်းပြောကြားလိုပါတယ်။

■




### ၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ငါးမွေးမြူရေးဆိုင်ရာမူဝါဒနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားအဆင့်ဖိုရမ် ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

ငါးမွေးမြူရေးဆိုင်ရာမူဝါဒနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားအဆင့်ဖိုရမ် ကျင်းပနိုင်ရန်နှင့် ရေထွက်ကုန် ပြည်ပတင်ပို့မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ငါးမွေးမြူရေးဆိုင်ရာမူဝါဒနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်စဉ် အသေးစိတ်ကို ဆွေးနွေးနိုင်မည့် အမျိုးသားအဆင့်ဖိုရမ် ကျင်းပနိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနက "ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန်၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်" ဟူသော မူဝါဒနှင့်အညီ ရေသတ္တဝါမွေးမြူခြင်း ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ **မြန်မာနိုင်ငံ၏ ရေသတ္တဝါမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးအတွက် "အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း"** (National Aquaculture Development Plan–NADP) ဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။



မွေးမြူရေးလုပ်ငန်း စဉ်ဆက်မပြတ် ရေရှည်တည်တံ့စေရန်အတွက် ငါး၊ ပုစွန်ကန်များကို တစ်နေရာ၊ တစ်ဒေသတည်း၌ စုပြုံမွေးမြူထုတ်လုပ်ခြင်းထက် မွေးမြူရေးဇုန်များကို နေရာ(နယ်မြေ) ခွဲခြားသတ်မှတ်ခြင်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊ နောက်ဆုံးပေါ် သတင်းအချက်အလက်ဆိုင်ရာ ခေတ်မီ မွေးမြူသားဖောက်နည်းပညာများအား ပညာပေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အလားတူစွာ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများဖြစ်သည့် UAE၊ EU၊ ဆော်ဒီအာရေဗျတို့နှင့် ဂျပန်နိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်နိုင်ငံများသို့ တင်ပို့မှုများသည်လည်း အရေးပါကြောင်း။

နိုင်ငံတကာသို့ Export တင်ပို့ရာတွင် တင်ပို့သည့်နိုင်ငံအလိုက် နိုင်ငံအချင်းချင်း G to G Agreement ရေးထိုးနိုင်ရေး ဆောင်ရွက်ရာတွင် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်၍ ရေထွက်ပစ္စည်း တင်ပို့တင်သွင်းခြင်းလုပ်ငန်းများတွင် စနစ်တကျဖြစ်စေရေး SPS ဆိုင်ရာ လိုအပ်ချက်များကို အခြေခံ၍ ရေထွက်ပစ္စည်း သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများအတွက် နည်းစနစ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်စေရန် ပြည်ပသို့ ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအားလုံး ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ရေထွက်ပစ္စည်း ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ ဆွေးနွေးညှိနှိုင်းမှုဖြင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ငါးမွေးမြူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေပြဋ္ဌာန်းမှု ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးကျေးရွာအုပ်စု ပြဒါးချောင်းကျေးရွာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိနေသည့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဗိုလ်မှူးကြီးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ် သုတ၊ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ သဘာဝမြေဩဇာများ၊ ကလေးကစားစရာများနှင့် ထောက်ပံ့ငွေတို့ကိုပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များနှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီး မင်းနောင်သည် နေပြည်တော် ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြဒါးချောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြဒါးချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ပျဉ်းမနားတောင်ပေါ် ဒေသကျေးရွာများရှိ အခြေခံပညာ ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက် ရှိကြသည့် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာပေသင်ကြား သင်ယူနေမှုအခြေအနေများကို မေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာ ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။



ထို့နောက် ဗိုလ်မှူးကြီး မင်းနောင်သည် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည် မြင့်မားရေးအတွက် ကျောင်းသင်ခန်းစာများကိုကြိုးစား သင်ယူကြရန်မှာကြားပြီး စားသောက်ဖွယ်ရာများဝေငှပေးသည်။

ညနေပိုင်းတွင် ဗိုလ်မှူးကြီး မင်းနောင်သည် မြသီတာကျေးရွာ ရွာလယ်လမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျာထားဆောင်ရွက်မည့် အခြေအနေများနှင့် အခြေခံပညာ မူလတန်းလွန်ကျောင်း ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို အခြေခံ၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ထားသည့် မြသီတာထွန်း သဘာဝအပန်းဖြေစခန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သန့်စင်ထားသည့်ရေများ စွန့်ပစ်ပြီးနောက် ဝင်ငွေထိခိုက်နိုင်ခြေရှိသော စီးပွားရေးလုပ်ငန်းများအား တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီက လျော်ကြေးပေးအပ်မည်

**တိုကျို စက်တင်ဘာ ၄**

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံမှ သန့်စင်ထားသော ရေများကို စတင်ထုတ်လွှတ်ပြီးနောက် ဝင်ငွေထိခိုက်နိုင်ခြေရှိသော စီးပွားရေးလုပ်ငန်းများအား လျော်ကြေးပေးသည့်စနစ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီက ပြောကြားခဲ့သည်။

TEPCO မှ ယခုလျော်ကြေးငွေ ပေးအပ်မည့်လုပ်ငန်းများတွင် ပြည်ပနိုင်ငံမှ တင်ပို့မှု ပိတ်ပင်ခံထားရသော ကုန်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများ အကျုံးဝင်မည်ဖြစ်သည်။

လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ အဆိုပါ ငွေပေးချေမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ထပ်လောင်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမှ ပင်လယ်စာတင်သွင်းမှုအားလုံးကို တရုတ်နိုင်ငံက ရပ်ဆိုင်းလိုက်ခြင်းကြောင့် ယခုကဲ့သို့ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ကုမ္ပဏီသည် လျော်ကြေးငွေလျှောက်လွှာများကို အောက်တိုဘာ ၂ ရက်တွင် စတင်လက်ခံရန် စီစဉ်နေပြီး ၎င်းကိစ္စအတွက် အထောက်အကူပြုရေးစင်တာများကို ဖူကူရှီးမားစီရင်စုနှင့် ဆန်ဒိုင်းမြို့တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကုမ္ပဏီသည် လုပ်ငန်းလုပ်ကိုင်သူများ ရင်ဆိုင်နေရသော ပြဿနာများကို ဂရုတစိုက် ကိုင်တွယ်မည်ဖြစ်ပြီး ရပ်တည်မှု၊ ထိခိုက်မှုရှိကြောင်း အတည်ပြုပြီးပါက လျော်ကြေးကို ဆောလျင်စွာ ပေးလျော်မည်ဖြစ်ကြောင်း TEPCO မှ တာဝန်ရှိသူ Yoshida Takahiko က ပြောကြားခဲ့သည်။


သန့်စင်ထားသောရေများ စွန့်ထုတ်မှု



စတင်ချိန်မှစ၍ TEPCO၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဖူကူရှီးမားစီရင်စုမှ တာဝန်ရှိသူများအကြား ပြုလုပ်သော စစ်ဆေးမှုများတွင် ပင်လယ်ရေနမူနာများ၌ ထရီတီယမ်ပါဝင်မှုသည် များစွာလျော့နည်းနေကြောင်း တွေ့ရှိရသည်။ **ကိုးကား - အင်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# နျူကလီးယားသဘောတူညီချက်ပြန်လည်ရရှိရေး ဆွေးနွေးပွဲ အပြီးမသတ်နိုင်ခဲ့ခြင်းကြောင့် အနောက်နိုင်ငံများကို အီရန်အပြစ်တင်ပြောကြား




**တီဟီရန် စက်တင်ဘာ ၄**

အီရန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများအပေါ် မှားယွင်းစွာ တွက်ချက်ခဲ့ပြီး ၂၀၁၅ နျူကလီးယားသဘောတူညီချက် ပြန်လည်ရှင်သန်ရေး ဆွေးနွေးပွဲများ အပြီးမသတ်နိုင်ခဲ့သည့်အတွက် အနောက်နိုင်ငံများကို အီရန်က စက်တင်ဘာ ၄ ရက်တွင် အပြစ်တင်ခဲ့သည်။

၎င်းဆွေးနွေးပွဲ၏ နောက်ဆုံးမူကြမ်းသည် သဘောတူညီချက်ရရှိရေး ပြင်ဆင်ရန်အတွက် ယမန်နှစ် စက်တင်ဘာလကတည်းက အဆင်သင့်ဖြစ်နေကြောင်း အီရန်နိုင်ငံ မြို့တော် တီဟီရန်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆာကနာနီက ပြောကြားသည်။

သို့သော်လည်း အမေရိကန်နှင့် ၎င်း၏ မိတ်ဖက်နိုင်ငံများသည် အီရန်တွင် ဖြစ်ပွားခဲ့သည့် မငြိမ်မသက်မှုများအပေါ် တွက်ချက်မှု လွဲမှားခဲ့ပြီး အဓိကရုဏ်းများ ဖြစ်ပွားစေရန် ဆောင်ရွက်ခဲ့သောကြောင့် သဘာတူညီချက်ရရှိရန် အခွင့်အလမ်းကို ဆုံးရှုံးခဲ့ရကြောင်း ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။

တီဟီရန်သည် အနောက်နိုင်ငံများ၏ လုပ်ဆောင်ချက်များအပေါ် အခြေခံ၍ သက်ဆိုင်သော တုံ့ပြန်ရေးအစီအမံများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

ထို့ပြင် အီရန်အစိုးရသည် ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရန် သံတမန်ရေးရာလုပ်ငန်းစဉ်အရ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အနောက်နိုင်ငံများမှ ပိတ်ဆို့မှုများ ဆောင်ရွက်ထားချိန်တွင် အီရန်နိုင်ငံသည် ၎င်း၏ရေနံကို ကမ္ဘာ့ဈေးကွက်များသို့ တင်ပို့နိုင်ခဲ့ပြီး ဈေးကွက်ကို ထိန်းထားနိုင်ခဲ့သည်။

အီရန်သည် ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရန်အတွက် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့အင်အားကြီးများနှင့် နျူကလီးယား သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

သို့သော်လည်း အမေရိကန်သည် ၂၀၁၈ ခုနှစ် မေလတွင် ၎င်းသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး တီဟီရန်အပေါ် ၎င်း၏ တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ချမှတ်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ် ခရုဇ်ဒုံးကျည်များပစ်ခတ်လေ့ကျင့်

**ပြုံယမ်း စက်တင်ဘာ ၄**

မြောက်ကိုရီးယားနိုင်ငံသည် စက်တင်ဘာ ၂ ရက် အရုဏ်တက်တွင် တာဝေးပစ်ခရုဇ်ဒုံးကျည် ပစ်ခတ်လေ့ကျင့်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန ကေစီအင်န်အေက ပြောကြားသည်။

မြောက်ကိုရီးယားသည် ဝါရှင်တန်နှင့် ဆိုးလ်အပေါ် စစ်ရေးအရ တားဆီးမှုအားကောင်းလာစေရန် ထပ်မံဆောင်ရွက်နေသည့်အပြင် နျူကလီးယားစစ်ပွဲအတွက် နိုင်ငံကို ပြင်ဆင်ထားကြောင်း၊ ရန်သူများကို သတိပေးရန်အတွက် ယခု စစ်ရေးလေ့ကျင့်မှုအား လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်းအေဂျင်စီကထပ်လောင်း ပြောကြားခဲ့သည်။ နျူကလီးယားထိပ်ဖူးများသယ်ဆောင်သည့် ခရုဇ်ဒုံးကျည်နှစ်စင်းကို အနောက်ရေပြင်ဘက်သို့ ပစ်ခတ်ခဲ့ပြီး၎င်းဒုံးကျည်များသည် ကြိုတင်သတ်မှတ်ထားသော အမြင့်ပေ ၁၅၀ မီတာအရောက်တွင် ကီလိုမီတာ ၁၅၀၀ ပျံသန်းခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို တောင်ကိုရီးယားနိုင်ငံမှ ပူးတွဲစစ်ဦးစီးချုပ်များက စက်တင်ဘာ ၂ ရက်တွင် တွေ့ရှိခဲ့ပြီး ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သော ရန်လိုသည့် လုပ်ရပ်အဖြစ် ဝေဖန်ခဲ့သည်။

Ulchi Freedom Shield ဟုခေါ်တွင်သည့် တောင်ကိုရီးယားနှင့် အမေရိကန်တို့ကြား နှစ်စဉ်နွေရာသီလေ့ကျင့်မှုကို ဆောင်ရွက်ပြီးနောက် မြောက်ကိုရီးယားက ပြုလုပ်ခဲ့သည့် ယခုဒုံးကျည်စမ်းသပ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အီရန်နိုင်ငံမြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း တစ်တွင်း ပေါက်ကွဲ၊ မိုင်းတွင်းလုပ်သား ခြောက်ဦး သေဆုံး

**တီဟီရန် စက်တင်ဘာ ၄**

အီရန်နိုင်ငံမြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း တစ်တွင်းပေါက်ကွဲမှုတွင် မိုင်းတွင်းလုပ်သား ခြောက်ဦး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံ IRIB သတင်းဌာနက ယနေ့ဖော်ပြခဲ့သည်။ ဆန်နန်ပြည်နယ်ရှိ တီဇာရတ် ကျောက်မီးသွေးတွင်း၌ ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မျက်နှာကြက်ပြိုကျကာ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း မိုင်းတွင်းလုပ်သားများ ပိတ်မိနေခဲ့သည်။

၎င်းတို့၏ရုပ်အလောင်းများကို စက်တင်ဘာ ၄ ရက် နံနက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ဥမင်လိုဏ်ခေါင်းအတွင်း ဓာတ်ငွေ့များ စုပုံလာခြင်းကြောင့်ပေါက်ကွဲရခြင်းဖြစ်ပြီး ကယ်ဆယ်ရေးသမားများသည် ဥမင်လိုဏ်ခေါင်းအတွင်း မီတာ ၇၀၀ အနက်တွင် ၁၀ နာရီကြာ ရှာဖွေပြီးနောက် ကယ်ဆယ်ရေးသမားများ၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းဥမင်လိုဏ်ခေါင်းအတွင်းရှိ ဓာတ်ငွေ့များမှာ မီသိန်းဓာတ်ငွေ့ဖြစ်ကြောင်း အီရန် သမဝါယမ၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး ဆိုလတ်မိုတာဇာဗီက အတည်ပြုပြောကြားခဲ့သည်။ အလားတူ ၂၀၂၁ ခုနှစ် မေလတွင် အီရန်နိုင်ငံရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်ခုတည်းတွင် ဥမင်လိုဏ်ခေါင်းမျက်နှာကြက်ပြိုကျမှုကြောင့် မိုင်းတွင်းလုပ်သား နှစ်ဦး သေဆုံးခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘာ့နိုင်ငံများကို အကျိုးပြုနေကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအကြီးအကဲ ပြောကြား

**ဂျီနီဗာ စက်တင်ဘာ ၄**

တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘာ့နိုင်ငံများရှိ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်စေရန် အကူအညီပေးပြီး နိုင်ငံနှင့် ဒေသအများအပြားတွင် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးကာ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အကျိုးပြုနေကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအကြီးအကဲ မိုင်ဂျာနာစပေါ်ဂျာရစ်က ပြောကြားသည်။

BRIသည်ပဋိပက္ခဒဏ်ခံနိုင်ငံသားများကို ရေရှည်တည်တံ့သော နည်းလမ်းဖြင့် ဝန်ဆောင်မှုပေးနိုင်သောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းကို ဖြည့်စွက်သည့် ဖွံ့ဖြိုးတိုးတက်ရေး အစပျိုးမှုတစ်ခုဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုသည်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ၎င်းကမှတ်ချက်ပြုသည်။

ရေရှားပါးမှု၊ အရင်းအမြစ်များ ကျဆင်းမှုနှင့် စားနပ်ရိက္ခာမလုံလောက်မှု တိုးပွားလာနေသည့် ကမ္ဘာ့ဒေသများကို ကူညီပေးရန်အတွက် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးစေရန် လုံလောက်သော အခြေခံအဆောက်အအုံ ရရှိရေးနှင့်ကူညီကယ်ဆယ်ရေးဆောင်ရွက်ချက်များအတွက် နိုင်ငံတကာအသိုက်အဝန်းအား ပူးပေါင်းလုပ်ဆောင်ရန်၎င်းက တောင်းဆိုခဲ့သည်။




**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ရှမ်းပြည်နယ် လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး စက်တင်ဘာ ၄

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃)ကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ပြောကြား

အစည်းအဝေးတွင် ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်းရှိ လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံစေရန် ကော်မတီဝင်ဌာနများအလိုက် လူငယ်ကဏ္ဍ(၁၆)ရပ်ပါ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် လမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ခဲ့ပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးတင်ပြကြရန်နှင့် အစည်းအဝေးမှ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီသို့ ပေးပို့သွားရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းထားရှိမှု၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

### အကြံပြုဆွေးနွေးတင်ပြ

ထို့နောက် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များမှ အထွေထွေဆွေးနွေး၍ ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီသို့ ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အလှူငွေပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လက်ခံရယူကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မန္တလေးပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်အကြို လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး စက်တင်ဘာ ၄

မန္တလေးပညာရေးဒီဂရီကောလိပ်၏ လူငယ်သီတင်းပတ်အကြို လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အဆိုပါ ဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူငယ်သီတင်းပတ် အကြိုလှုပ်ရှားမှုအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ သင်တန်းသား သင်တန်းသူများ၏ Fitness Dance ဖြင့် တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများက လောကအလှဥယျာဉ်ကြီး တည်ဆောက်ကြပါစို့ သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုအဖွင့်စကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘာသာရပ်အသီးသီးမှ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက ဗလငါးတန်နှင့်ပတ်သက်၍ တင်ဆက်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းနှီးနွေးထွေးစွာနှုတ်ဆက်၍ သင်တန်းသား သင်တန်းသူများ၏ လက်တွေ့တီထွင်ထားမှု၊ ပညာပေးပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်






## ပန်းတနော်မြို့၌ စားအုန်းဆီနှင့် ဆန်များကို ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ပန်းတနော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ဆန်စက်လုပ်ငန်းရှင်များပူးပေါင်း၍ စားအုန်းဆီနှင့် ဆန်များကို ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်များတွင် လိုက်လံရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံမှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ ပြည်သူများသို့ စားအုန်းဆီ ပိဿာ ၅၅၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် တစ်ဦးလျှင် ၅၀ ကျပ်သားနှုန်းဖြင့် လည်းကောင်း၊ ဆန်စက်လုပ်ငန်းရှင်များက ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်ပြည်မှ သုံးပြည်အထိ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ မီးသတ်ဦးစီးဌာနမှ ယာဉ်မောင်း(မွမ်းမံ)သင်တန်းဖွင့်ပွဲ ပြုလုပ်

ကော့သောင်း စက်တင်ဘာ ၄

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင် ပြည်ထဲရေးဝန်ကြီးဌာန ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှ ကျင်းပသော ယာဉ်မောင်း(မွမ်းမံ) သင်တန်း အမှတ်စဉ် (၄/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ခရိုင် မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

### အမှာစကားပြောကြား

အဆိုပါ ဖွင့်ပွဲအခမ်းနားတွင် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ခရိုင် မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။



အဆိုပါ ယာဉ်မောင်း(မွမ်းမံ) သင်တန်းတွင် လက်တွေ့ယာဉ်မောင်းနှင်ခြင်း၊ ယာဉ်တစ်စီး၏ အခြေခံဖြစ်သော အင်ဂျင်အလုပ်လုပ်ပုံ၊ အင်ဂျင်အမျိုးအစားနှင့် အဓိက အစိတ်အပိုင်းများ၊ ဆီထောက်ပံ့မှုစနစ်များ၊ ချောဆီပေးပို့မှုစနစ်များ ကလပ်နှင့်ဘရိတ် အလုပ်လုပ်ပုံ၊ ရေစုပ်ရေပက်ခြင်း သင်ခန်းစာများ စသည့် မီးသတ်ယာဉ်နှင့် သက်ဆိုင်သည့် သင်ခန်းစာများကို ပိုမိုကျွမ်းကျင်အောင် သန္နေမီးသတ်တပ်ဖွဲ့မှ သင်တန်းသား ၁၀ ဦးအား ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါက်ခေါင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၄ ရက်က ပေါက်ခေါင်းမြို့ လေးမျက်နှာ ဘုရားဝင်းအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# မုံရွာပညာရေးဒီဂရီကောလိပ်၌ လူငယ်သီတင်းပတ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မုံရွာ စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မုံရွာပညာရေးဒီဂရီကောလိပ်ရှိ ပဋ္ဌာဗလဘာက်စုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာပညာရေးဒီဂရီကောလိပ်ကျောင်းသား ကျောင်းသူများက "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" တေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ပေးရန်လိုအပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လူငယ်များအရည်အချင်းရှိရှိနှင့် ပူးပေါင်းပါဝင်လာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် လူငယ်သီတင်းပတ်လှုပ်ရှားမှုများကို ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်လူရွယ်များ ပြုစုပျိုးထောင်ပေးနိုင်ရန် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက နာဂတိုင်းရင်းသားရိုးရာ၊ ချင်းတိုင်းရင်းသားရိုးရာ၊ ရှမ်းတိုင်းရင်းသားရိုးရာ၊ ရခိုင်တိုင်းရင်းသားရိုးရာအကများနှင့် ဗိုဗီနမ်ဗီယက်နမ်ရိုးရာ သိုင်းပညာတို့ဖြင့် သရုပ်ပြတင်ဆက်ကြပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး ဈေးရောင်းပွဲတော်ရှိ တန်းခွဲအလိုက်ဆိုင်ခန်းပေါင်း ၁၃ ခန်းတွင် တိုင်းရင်းသားရိုးရာအစားစာများ တပျော်တပါး ရောင်းချနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဗိုလ်တထောင်မြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်ရှိ အထက(၅)ကျောင်းတွင် ယနေ့ နံနက်ပိုင်းက ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် Grade-6 ၊ Grade-9 အတန်းမှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးခေါင်းစဉ်၊ လူကုန်ကူးမှုမခံရစေရေး အသိပညာပေးခေါင်းစဉ်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးခေါင်းစဉ်၊ Social Media သုံးစွဲမှု အကျိုး၊ အပြစ်များကို အသိပညာပေးခြင်း ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။



အဆိုပါဟောပြောပွဲတွင် ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်စည်သူ၊ အဖွဲ့ဝင်(၂) ဦးအောင်မိုးကျော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇင်သိန်း၊ အထက(၅) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညွန့်နှင့် အဖွဲ့ဝင်များက ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ကြပြီး သူငယ်တန်း ကျောင်းသား ကျောင်းသူ ၇၀ အား သွားတိုက်တံ၊ သွားတိုက်ဆေး အစုံ ၇၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်စခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ရှိနေစေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံယူနီဖောင်းများကို ပေးအပ်သည်။



အဆိုပါ အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်းကို အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် တာဝန်ရှိသူများက သင်တန်းသား ၅၀ တို့ကို စက်တင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ မီးသတ်ပညာရပ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဘာသာရပ်များနှင့် အဆင့်မြင့်စက်ကိရိယာများ ကိုင်တွယ်ခြင်း စသည့် မီးသတ်ပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်သင်တန်းသားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး**

# လေးမျက်နှာမြို့နယ်၌ ခေတ်မီစံပြကျေးရွာနှင့် RBF စီမံကိန်းအကြောင်း ဆွေးနွေး

**လေးမျက်နှာ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် တာဝန်ရှိသူများသည် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village)နှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လေးမျက်နှာမြို့နယ် ကွင်းကြီးကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။


ဦးစွာ ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က အမှာစကားပြောကြားပြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် ဝန်ထမ်းများက လေးမျက်နှာမြို့နယ် ကွင်းကြီးကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လေးမျက်နှာမြို့နယ် ကွင်းကြီးကျေးရွာမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သိရှိလိုသည့်မေးမြန်းချက်များအပေါ် ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လေးမျက်နှာမြို့နယ် ကွင်းကြီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၂၈ သန်းဖြင့် လည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် လည်းကောင်း ဒေသခံကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအပြင် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


ကမ္ဘာ့ရေးရာ GLOBAL AFFAIRS အမှတ်(၂၁) (ဩဂုတ်၊ ၂၀၂၃) ထွက်ပြီ



"ရူပါ ပါဝါတို့၏ ဒစ်ပလိုမေစီ" (ရုရှား-တရုတ်ဆက်ဆံရေးနှင့် အိန္ဒိယ-အမေရိကန်ဆက်ဆံရေး)

၂၀၂၃ ခုနှစ်၊ ဩဂုတ်လထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၂၁ တွင်

- အာရှပါဝါဆုံချက် သို့မဟုတ် ရုရှား-တရုတ်ဆက်ဆံရေး
- ဒေသတွင်းနိုင်ငံများ၏ ရွေးကောက်ပွဲများ
- အမေရိကန်ဒေါ်လာ၏ ပစ္စုပ္ပန်အလှူပ်အခတ်နှင့် စောင့်ကြည့်အနာဂတ်
- စစ်ဘက်ရေးရာတော်လှန်ပြောင်းလဲမှုတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍအားလေ့လာခြင်း
- ဉာဏ်ရည်တုနှင့် ဆေးပညာ
- အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးမူဝါဒကို လေ့လာကြည့်ခြင်း

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈


## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



# ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု

ရွှေဘို စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ်လ(နောက်ဆုံးပတ်)တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ဩဂုတ်လစတုတ္ထပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၅၇၀၀၀၊ တန်အားဖြင့် ၂၈၅၀ စီးထွက်ခဲ့ကြောင်း၊ ဩဂုတ်လ နောက်ဆုံးပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၂၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၃၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၄၆၀၀၀၊ တန်အားဖြင့် ၂၃၀၀ စီးထွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ်လ နောက်ဆုံးပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀ နှင့် ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောင်တော စက်တင်ဘာ ၄

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လလျာထားချက်မှာ ပို့ကုန် ၁ ဒသမ ၅၀၀ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၃၀ အမေရိကန်ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၁ ဒသမ ၅၃၀ အမေရိကန်ဒေါ်လာသန်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ ၈ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၂ ဒသမ ၀၆၃ ဒေါ်လာသန်းဖြစ်ကာ စုစုပေါင်းကုန်သွယ်မှုပမာဏ ၂ ဒသမ ၀၆၃ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၁၃၄ ဒသမ ၈၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဩဂုတ် ၁ မှ ၈ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း(အစို) ၁၄၃၂ ဒသမ ၅ တန်၊ တညင်းသီး ၁၃၈ ဒသမ ၅ တန်၊ နနွင်းတက် ၅ တန်၊ ကွမ်းသီး ၈၄ ဒသမ ၂ တန်၊ ထန်းလျက် ၉ ဒသမ ၈ တန်၊ ငါးမြစ်ချင်း ၇၆၇ ဒသမ ၆၆ တန်၊ ငါးနီတူခြောက် ၈ တန်၊ ငါးကုန်းညှိခြောက် ၁၅ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် တန် ၁၃၀၊ ငါးခေါင်းပွ ၃၂ ဒသမ ၄၈ တန်၊ ဆီးယိုထုပ် ၂၈ ဒသမ ၅ တန်၊ ဆန်ကြာဆံ တစ်တန်၊ ထွန်းရွှေဝါ လိမ်းဆေး ၇ ဒသမ ၅ တန်၊ သနပ်ခါးခဲ ၁၀ ဒသမ ၅ တန်၊ မုန့်ဖတ်ခြောက် ၃ ဒသမ ၅ တန်နှင့် အမျိုးသမီးဝတ်အင်္ကျီ သုည ဒသမ ၁ တန် တင်ပို့နိုင်ခဲ့သည်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် စက်တင်ဘာ ၄

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် စက်တင်ဘာ ၃ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၀၂ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ မြေထောက်ပဲ ၂၀၂ ဒသမ ၅၀၀ တန်၊ ကြက်သွန်နီ ၃၂၂ ဒသမ ၅၀၀ တန်၊ ငါးရှဉ့် ၄၅ ဒသမ ၄၈၀ တန်၊ ကြေးနီ ၃၄ ဒသမ ၅၀၀ တန်၊ ကဏန်း ၂၄ ဒသမ ၀၇၅ တန်၊ သကာရည် ၂၆၆ တန်၊ မိကျောင်းကွမ်းဖတ်စေ့ ၈၃ ဒသမ ၂၀၀ တန်၊ သီဟိုဠ်စေ့ ၁၅ ဒသမ ၈၀၀ တန်၊ ဆန် ၁၀၀ ဒသမ ၅၀၀ တန်နှင့် ဆီးဆန် ၁၇ ဒသမ ၅၀၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ တီဗွီများ၊ ဖလင်ပြားများ၊ တာယာကုန်ကြမ်းများ၊ အလူမီနီယံတံခါးပေါင်များ၊ သံချောင်းများ၊ သံပိုက်များ၊ လေအေးပေးစက်များ၊ ပန်းသီးများနှင့် ကာဗွန်မှုန့်တို့ဖြစ်သည်။

၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃ ရက်ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၃၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၉၆ သန်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၂၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၈၈ ဒသမ ၀၈ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

# မုံရွာမြို့နယ်၌ ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိ

မုံရွာ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း အခြေခံစားကုန်စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီဈေးနှုန်းများမှာ ယခုအချိန်တွင် ပွဲရုံလက်ကားဈေး ကြက်သွန်နီ(ကြီး)တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ ကြက်သွန်နီ(လတ်)တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ကြက်သွန်နီ(သေး) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေး ကြက်သွန်နီ(ကြီး)တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ကြက်သွန်နီ(လတ်) တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ ကြက်သွန်နီ(သေး) တစ်ပိဿာလျှင် ကျပ် ၂၉၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကြက်သွန်နီကို မုံရွာမြို့နယ်အတွင်းရှိ ကျွဲရဲ၊ မြေနဲ၊ ရွာတုံ၊ တောင်ပလူကျေးရွာတို့တွင် အများဆုံး စိုက်ပျိုးကြပြီး မုံရွာမြို့နယ်အနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ စိုက်ဧက ၁၂၀၀၀ ခန့် စိုက်ပျိုးလျက်ရှိကာ ထွက်ရှိသော ကြက်သွန်နီများကို မုံရွာမြို့ ပွဲရုံများအပြင် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။ ■

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## ၄-၉-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၁၁၅၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၅၀၀ | ၃၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၁၅၆၀၀ | ၈၃၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၉၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၄၁၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၆၀၀ | ၇၆၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၂၀၀ | ၄၁၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၁၀၀ | | ၁၅၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၈၀၀၀ | ၈၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၆၂၀၀ | | ၁၄၅၀၀ | ၄၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၇၆၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၃၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀ | ၈၅၀၀ | ၇၈၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၄၆၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၅၀ | | ၁၆၀၀၀ | ၄၄၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၅၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၄၀၀ | ၈၇၀၀ | ၅၁၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၆၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၄၀၀ | ၈၇၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၅၂၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၁၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ မော်လမြိုင်တွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံနှင့် လှိုင်ကော်တွင် ၃၀၀ကျပ်၊ မကွေးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ်၊ ကျိုင်းတုံ၊ မကွေး နှင့် ထားဝယ်တွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ဘားအံတွင် ၁၃၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ထားဝယ်တွင် ၁၀၀၀ကျပ်၊ ပျဉ်းမနားတွင် ၆၀၀ကျပ်၊ နေပြည်တော်တွင် ၈၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် လှိုင်ကော်တွင် ၁၀၀၀ကျပ် ၊ ကုလားပဲဝါ တစ်ပိဿာလျှင် ထားဝယ်တွင် ၃၀၀ကျပ် ၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀ကျပ်၊ ထားဝယ် နှင့် ပြည်တွင် ၃၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် လှိုင်ကော်နှင့် မြိတ်တွင် ၁၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် လားရှိုးနှင့် လှိုင်ကော်တွင် ၁၀၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပဲခူးတွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၁၅၀၀ကျပ်၊ နေပြည်တော်တွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၅၀၀ကျပ်၊ လားရှိုးတွင် ၂၀၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀ကျပ်၊ ထားဝယ်တွင် ၁၀၀၀ကျပ်၊ ရန်ကုန်နှင့် စစ်တွေတွင် ၅၀၀ကျပ်၊ မန္တလေးတွင် ၄၀၀ကျပ်၊ ပခုက္ကူတွင် ၃၀၀၀ကျပ်၊ မကွေးတွင် ၁၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် တောင်ကြီးနှင့် မြိတ်တွင် ၁၀၀၀ကျပ်၊ လှိုင်ကော်တွင် ၅၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ဘားအံနှင့် ပဲခူးတွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၂၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၃၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံနှင့် ထားဝယ်တွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် လှိုင်ကော်တွင် ၂၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် ပဲခူးတွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၃၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လှိုင်ကော်နှင့် ပဲခူးတွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့် စစ်တွေတွင် ၂၀၀ကျပ်၊ လှိုင်ကော်နှင့် ထားဝယ်တွင် ၅၀၀ကျပ်၊ မော်လမြိုင်တွင် ၁၀၀၀ကျပ်၊ ပုသိမ်တွင် ၄၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပဲခူးတွင် ၁၀၀၀ကျပ်၊ ဝက်သားနှင့် ဆိတ်သား တစ်ပိဿာလျှင် လှိုင်ကော်တွင် ၂၀၀ကျပ်၊ မြိတ်တွင် ၄၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် လှိုင်ကော်တွင် ၃၀၀၀ကျပ်၊ မြိတ်တွင် ၄၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၄-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၈၀၉။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်မာဆွေ၊ (သားကြီး) ကိုတင်ထွန်းဦး၊ (သားငယ်)ကိုညီညီထူးမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၅၈၁၀။ | ဒေါ်ကျင်စန်း၊ ဒေါ်စန်းမမမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၈၁၁။ | ကန်ဦးဇေတဝန်စာသင်တိုက်မှ သံဃာတော်များကောင်းမှု | ၃၃၀၀၀၀ |
| ၅၈၁၂။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းငွေမိသားစုကောင်းမှု (သစ္စာအောင်မြင်ရွှေဆိုင်) | ၃၀၀၀၀၀ |
| ၅၈၁၃။ | ဦးသီဟနှင့်ဇနီး ဒေါ်တိုးတိုးရီမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၁၄။ | ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာရ၊ ညီတော် ဒေါက်တာဘဒ္ဒန္တဝိစာရကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၁၅။ | မိဘနှစ်ပါးနှင့် ဦးစိုးလှိုင်တို့အားရည်စူး၍ ဒေါ်ကြည်ကြည်အေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၈၁၆။ | ဗိုလ်မှူးဟန်မိုးအောင်(ငြိမ်း)မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၈၁၇။ | ဒေါ်ကျင်မွေးမိသားစုကောင်းမှု | ၁၃၅၀၀၀ |
| ၅၈၁၈။ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်၊ ပပကြီးကျေးရွာ ဘုရားဖူးများအဖွဲ့ကောင်းမှု | ၁၃၂၀၀၀ |
| ၅၈၁၉။ | ဒေါ်အိကြည်ခိုင်မိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၅၈၂၀။ | ဆရာတော်ဦးပရမအားအမှူးထား၍ ဦးအောင်ကျော်နှင့်ဇနီး ဒေါ်မြမြအေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၈၂၁။ | အဘ အောင်မင်းခေါင်အားအမှူးထား၍ ဒေါ်မျိုးမမ၊ (သား) ကိုစံလင်း၊ ကိုစံထွန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၈၂၂။ | အသောကာရာမစာသင်တိုက်ဘုရားဖူးအဖွဲ့ကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၃။ | ကိုဖိုးငယ်နှင့်ဇနီး ဒေါ်မြတ်မြတ်သွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၄။ | ကွယ်လွန်သူ ဒေါ်အေးအေးထွင်အားရည်စူး၍ ကျန်ရစ်သူမိသားစုများကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၅။ | ဒေါ်ယမင်းစိုး၊ (သမီး)မဆုလာဘ်နှင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၆။ | ဗိုလ်မှူးကြီးမျိုးချစ်(ငြိမ်း)နှင့်ဇနီး ဒေါ်စဝ်စံပွမ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၇။ | ဗိုလ်မှူးစန်းငွေ(ငြိမ်း)နှင့်ဇနီး ဒေါ်သီတာလွင်၊ (သမီး) ဦးသန်းမင်းလွင်နှင့်ဇနီး မအိမြတ်ရွှေစင်၊ (သား) မောင်ကောင်းမြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၈။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်အေးအေးချို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၉။ | ဦးကိုကိုထွေးနှင့်ဇနီး ဒေါ်စန်းစန်းဝင်း မိသားစုကောင်းမှု(ငွေကုံကော်သစ်သီးပွဲရုံ) | ၁၀၀၀၀၀ |
| ၅၈၃၀။ | ဦးထိုက်သူနှင့်ဇနီး ဒေါ်မေသက်ထွန်း၊ (သမီး) ဝေဒီပါထိုက်၊ (သား) ပြည့်စုံထိုက် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုဇာဏီနှင့်ဇနီး မအိမ့်မို့မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၂။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်တူးတူးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၃။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်တို့အား အမှူးထား၍ (သမီး) မဥမ္မာစိုးသီရိ (၄၁)နှစ်ပြည့်မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၅၈၃၄။ | ဦးမင်းအောင်နှင့်ဇနီး ဒေါ်ဝင်းမော်၊ (သား) မောင်ရဲရင့်အောင်၊ (သမီး)မမေသူကျော်၊ မထက်ထက်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၅။ | ဦးငြိမ်းငြိမ်းထွန်းနှင့်ဇနီး ဒေါ်စန်းမြင့်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၆။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် (သား)ကိုဇာနည်စိုး၊ (သမီး) မနှင်းအေးကို၊ မနှင်းဝတ်ရည်တို့အားရည်စူး၍ ဦးစိုးသန်းနှင့်ဇနီး ဒေါ်လဲ့လဲ့ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၈။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ငွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၉။ | ဦးအေးကျော်နှင့်ဇနီး ဒေါ်ကျော့ကျော့ခိုင်၊ (သား)မောင်ဇေယျာမိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၀။ | ဗိုလ်မှူးချုပ်ဘိုလွင်နှင့်ဇနီး ဒေါ်အေးအေးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၁။ | ဒုတိယဗိုလ်မှူးကြီးရဲထွန်းနှင့်ဇနီး ဒေါ်လဲ့လဲ့နှင်း၊ (သမီး) မကြည်ဖြူထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၂။ | ဒုတိယဗိုလ်မှူးကြီးအေးဝင်းနှင့်ဇနီး ဒေါ်လှိုင်လှိုင်ခင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၃။ | ကွယ်လွန်သူများအားရည်စူး၍ မိခင်ကြီးဒေါ်မျိုးကို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၄။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်ခင်သန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၅။ | ဦးဝင်းမိုးနှင့်ဇနီး ဒေါ်ဇင်ဇင်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၆။ | မိခင်ကြီး ဒေါ်သင်းမြင့်ဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၇။ | ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ဝင်းမာမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၈။ | ကိုအောင်နှင့်ဇနီး မဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၉။ | ဦးကျော်စိုးဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၀။ | ဒေါ်နှင်းဆီအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၁။ | ဦးကြည်ပြုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၂။ | ဦးထွန်းရွှေနှင့်ဇနီး ဒေါ်ခင်လှကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၃။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ရီရီအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၄။ | ဦးစိုးလင်းမောင်နှင့်ဇနီး ဒေါ်လဲ့လဲ့လှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၅။ | ဒေါ်ချိုမာလင်း၊ ဒေါ်ပြုံးပြုံးဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၆။ | ဦးကြည်သောင်းအားရည်စူး၍ ဒေါ်သိန်းတင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ **စက်တင်ဘာလ ၄** ရက်နေ့မှစ၍ **လူဝင်ကြေးအခမဲ့**ဖြင့် ဆက်လက်ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ်လ ၈ ရက်နေ့မှစတင်၍ ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးခဲ့ကာ နေ့စဉ်နိုင်ငံတစ်ဝန်းမှ ရဟန်းသံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပါသည်။ **စက်တင်ဘာ ၄** ရက်နေ့မှစ၍ လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဉယျာဉ်တော်ကြီးရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေးအတွက် ဖော်ပြပါနှုန်းထားများအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်-

(၁) လူဝင်ကြေး(အခမဲ့) - အခမဲ့

(၂) ဖုန်း ၁ လုံး(ကင်မရာအပါ) (ကင်မရာပါသောဖုန်းများသာကောက်ခံပြီး Keypad ဖုန်းများမကောက်ခံပါ) - ၁၀၀၀/-ကျပ်။

(၃) အပျော်ရိုက်ကင်မရာ - ၅၀၀၀/-ကျပ်။

(၄) အလှဓာတ်ပုံရိုက်/Video(Pre Wedding အပါအဝင်) (၂ နာရီ) (နာရီဝက်ပိုတိုင်း-၅၀၀၀ ကျပ်) - ၅၀၀၀၀/-ကျပ်။

(၅) ဉယျာဉ်တော်အတွင်း ယာဉ်ရပ်နားကွင်း ယာဉ်ငယ် ၁ စီး (အိမ်စီးယာဉ်ငယ်များကိုသာ ဉယျာဉ်တော်အတွင်း ဝင်ခွင့်ပြုပါသည်။ ယာဉ်ကြီးနှင့်ဆိုင်ကယ်များ ဉယျာဉ်တော်ပြင်ပတွင် ရပ်နားရန်။) - ၂၀၀၀၀/-ကျပ်။

(၆) Buggy စီးနင်းခြင်း၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးမကောင်းသူများအတွက်သာ Buggy အခမဲ့စီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ်(ခ/၆၂)နေ (အဖ) ဦးစိန်ဝင်း [၁၂/လမန (နိုင်)၀၆၃၄၅၃]၏ သားဖြစ်သူ မောင်ဇေယျာ ထွဋ်ဦး အမည်ကို မောင်ဇေယျာဦး ဟု ယနေ့မှစ၍ အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇေယျာဦး**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အရာရှိရပ်ကွက်နေ (ဘ)ဦးအောင်ကျော်လှ၏သမီး မသင်းသင်းထက် [၁၁/အမန(နိုင်)၀၈၀၇၈၈]၏ မွေးသက္ကရာဇ်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင်ပါရှိသော (၁၇-၂-၁၉၉၉)သည် သာအမှန်ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄၊ မြေကွက်အမှတ်-၁၂၈၊ ဧရိယာ (၀.၀၅၆)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးအောင်သိန်း[၁၂/လမတ (နိုင်)၀၂၄၆၆၈]နှင့် ဦးကျော်သိန်း(LMDW-၀၀၂၄၆၁)[၁၂/အလန (နိုင်)၀၁၇၄၁၆]တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး၊ ပူးတွဲပိုင်ရှင်ဖြစ်သူ ဦးကျော်သိန်းသည် အသက်(၄၄)နှစ်အရွယ် (၁၈-၃-၂၀၀၇)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ဦးကျော်သိန်းပိုင်ဆိုင်သောအစုတွင် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ တရားဝင်ဆက်ခံသူဇနီး ဒေါ်လှသန်း[၁၂/ထတပ(နိုင်)၀၁၀၅၀၄]၏ သဘောတူညီမှု တစ်စုံတစ်ရာမရှိဘဲ မြေပုံမြေရာဇဝင်များကူးယူခြင်း၊ မြေတိုင်းတာခြင်း၊ ဂရန်ပျောက်ဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်း၊ အမည်ပြောင်းလဲခြင်း၊ အခြားမြေစီမံမှုနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခွင့်မပြုပါကြောင်းနှင့် ဆောင်ရွက်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမင်းဇော်** — **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉)**
**ဦးကျော်မင်းနိုင်** — **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၇၁၅)၊ ဧရိယာ(၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၇၁၅)၊ ငွေပုလဲ(၂)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဇော်ထွန်းဝေ(SGG-၀၃၄၈၀၇)အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဒေါ်ကေဇင်လင်း[၈/စလန (နိုင်)၀၀၁၃၃၃]က မိမိတစ်ဦးတည်းလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမင်းဇော်** — **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉)**
**ဦးကျော်မင်းနိုင်** — **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၉)၊ မြေကွက်အမှတ် (၉၄၈) ဟုခေါ်တွင်သော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အိမ်အမှတ် (၉၄၈)ရှိ ဒေါ်နန်းခင်ခင်ဆု[၁၂/ဒဂမ (နိုင်)၀၁၅၀၂၄]အမည်ပေါက် (၀.၀၅၄)ဧက ကျယ်ဝန်းသည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးမြင့်ဦး [၁၂/သဃက(နိုင်)၁၀၂၀၈၄]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော် (LL.B(Q),HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇-လမ်း၊ တိုက်အမှတ် (၁၅၀/၁၅၂) ၊ စတုတ္ထထပ်၊ အခန်းအမှတ် (၄၀၂)၊ အကျယ်အဝန်း (၂၅' x ၅၈') ရှိ ဒေါ်ကမလာဒေဝီ အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကမလာဒေဝီ [၁၂/ဗတထ(နိုင်)၀၂၅၁၇၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)**
**ဒေါ်ခင်မျိုးလတ် (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၁၃၆၆)**
**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ဒေါ်ခင်ကြူမြင့်နှင့် ဦးအောင်ဆန်း တို့ ပူးတွဲအမည်ပေါက်သည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်- ၂၃၂၊ ၂၃၄ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်- ၂၆-ဘီဘီ၅၊ မြေကွက်အမှတ်- V ၂၄၁+၂၄၂ မှ ၂၄၅/က၊ အကျယ်အဝန်း (အလျား ၃၃ပေ x အနံ ၅၀ ပေ)၊ ဧရိယာ (၀.၀၃၈)ဧကရှိနှစ် (၆၀) မြေငှားဂရန်မြေကွက်မှ ပူးတွဲအပေါက်သူ ဦးအောင်ဆန်း ပိုင်ဆိုင်သည့် မြေနေရာနှင့် (၂-ထပ်ခွဲ)နေအိမ်အပါအဝင်အကျိုးခံစားခွင့်တို့ကို တရားဝင်အမွေဆက်ခံသူဇနီး ဒေါ်စိန်ဌေးနှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးနှစ်ဖက် သဘောတူညီကြပြီး၍ ရောင်းချသည့်တန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးပါက ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်လှတင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်-၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၀

၁။ ဒေါ်ယဉ်ယဉ်သန်း — နှင့် — ဗိုလ်မှူးထိန်ဝင်း
၂။ ဒေါ်မေသန်းစော

**(တရားလို)** — **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်ရိပ်သာ(၄)လမ်း၊ အမှတ်- ၈၉၂ နေ ဗိုလ်မှူးထိန်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)**သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အဆောက်အဦ အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၁၈ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း၊ ၄ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ့်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဒေါ်အေးမြင့် (၁၄/မအပ (နိုင်) ၁၁၉၉၅၈) အား သိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၄)၊ သဒ္ဓါလမ်း၊ မြေကွက်အမှတ် (၄၇၆/က)၊ အကျယ်အဝန်း (အလျား ၂၀ပေ × အနံ ၆၀ပေ)၊ ဧရိယာ (၀. ၀၂၇၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်သည် လူကြီးမင်း ဒေါ်အေးမြင့် တရားဝင်အမည်ပေါက်လျှက်ရှိသော မြေကွက်ဖြစ်ပြီး လူကြီးမင်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီး လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါ မြေနှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လိုအပ်ပါသဖြင့် လူကြီးမင်းအား ဆက်သွယ်ရှာဖွေခဲ့သော်လည်း ဆက်သွယ်၍မရခဲ့ပါ။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်အတွက် လာရောက်ဆက်သွယ်ပေးပါရန် အကြောင်းကြားကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လူကြီးမင်းအား အသိပေးအကြောင်းကြားကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ -

**ဦးရန်နိုင်** (စဉ်-၁၆၈၄၇) **ဒေါ်အေးမွှင့်ဖြူ** (စဉ်-၁၂၃၉၁)
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၄၀၁)၊ ၁၅၄-လမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၁၁၁၅၂၈၃၊ ၀၉ ၉၇၂၈၀၈၀၁၅

## "ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၉) မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ခတ္တာလမ်း၊ မြေကွက်အမှတ် (၃၆၇/ခ)၊ အကျယ်အဝန်းပေ (၂၀'x ၆၀')ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ အိမ်နှင့်ခြံမြေကွက်ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးအောင်သွင် [၁၂/ကမရ(နိုင်)၀၄၇၄၅၁]က တရားဝင်ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ အဖြစ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါခြံမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်နိုင်လင်း(မြိတ်)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၉၁)**
**အမှတ်(၄၈/၁၁၅၈)၊ ငုဝါလမ်း၊ အမှတ်(၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၆၈၆၁၁၊ ၀၉-၇၈၃၉၆၈၆၁၁**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)ဗိုလ်ဆွန်ပတ်လမ်း မြေကွက်အမှတ်(၇၃၇)၊ ဧရိယာ(၄၃'×၆၀')ရှိ ဒေါ်မိုင်သဇင်ဝါအောင်(၁၂/အလန (နိုင်)၀၂၁၁၃၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသောအနေအထားဖြင့်၊ မြေကွက်ကိုမျက်နှာမူ၍ကြည့်လျှင်(ညာဘက်ခြမ်း)ရှိ(၂၀'×၆၀')မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

